စိတ်ကူးချိုချိုအနုပညာ


mgyoe.com

# မောင်ဝဏ္ဏ
# ကျွန်တော်
# းကြော်ကြောခငူး



mgyoe.com

ဒုတိယအကြိမ်



မောင်ဝဏ္ဏ ကျွန်တော် အူကြောင်ကြား

ISBN9789997114297
MWN4
9 789997 114297
2,000.00KS

mgyoe.com

ကျွန်တော်အကြောင်းကြား မောင်ဝဏ္ဏ
မျက်နှာဖုံးပန်းချီ - ထွန်းဝင်းအောင်
စာမျက်နှာ ၁၁၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၆ ပုဂံစာအုပ်တိုက်၏ ပထမအကြိမ်မှု၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကျွန်တော်အူကြောင်ကြား

မောင်ဝဏ္ဏ

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | |
|---|---|
| စာရေးသူ၏အမှာ | က |
| ၁။ ကျွန်တော် အူကြောင်ကြား | ၁ |
| ၂။ အရပ်ထဲက စရအောင် | ၅ |
| ၃။ ရတနာဒီပံတဲ့ဟေ့ | ၈ |
| ၄။ ရွှေခွာကြတော့မှာလား | ၁၂ |
| ၅။ လူကောင်းသူကောင်းတွေ | ၂၀ |
| ၆။ စိတ်ရှင်းခြင်း | ၂၅ |
| ၇။ ကံစမ်းမှာလား ဉာဏ်စမ်းမှာလား | ၂၉ |
| ၈။ ရှေးဟောင်းစကား သုံးခွန်း | ၃၄ |
| ၉။ ဘာအတွက် ရှင်သန်နေကြတာလဲ | ၃၇ |
| ၁၀။ ဘာလုပ်နေကြတာလဲ | ၄၂ |
| ၁၁။ ကိုယ့်ဖိုကျတော့ တယ် သိတတ် | ၄၇ |
| ၁၂။ ဆိုင်ရာ ဆိုင်ရာ | ၅၂ |
| ၁၃။ ဖြောင့်ဖြောင့်တွေးခြင်း | ၅၅ |


mgyoe.com

mgyoe.com


၁၄။ အတောင်သာလျှင် ဝန်ရှိသော ၅၉

၁၅။ စိတ်အညွန့်မချိုးကြဖို့ ၆၅

၁၆။ မျိုင်းတစ်ကောင်နှင့် နောက်ဆက်တွဲအတွေး ၇၁

၁၇။ မေ့ပစ်ပါတဲ့ ၇၆

၁၈။ မေတ္တာထားမယ်လား ၈၂

၁၉။ သူငယ်ချင်းရေ ၈၉

၂၀။ ကျေးဇူးတင်တတ်ရင် အမြတ်ထွက် ၉၄

၂၁။ သူလိုလူမျိုးလည်း ရှိပါသေးတယ် ၉၈

၂၂။ မီဒီယာထဲက ဗိုင်းရပ်စ်များ ၁၀၂

၂၃။ အောင်တင်နဲ့ မောင်တွမ် ၁၀၅

၂၄။ သတ်ကွင်းထဲရောက်လာပေမဲ့ ၁၀၈


❖

mgyoe.com

mgyoe.com



## စာရေးသူ၏ အမှာ

မဂ္ဂဇင်း၊ ဂျာနယ်တချို့မှာ ကျွန်တော်ရေးခဲ့တဲ့ ဆောင်းပါးတချို့ကို စုစည်း တင်ပြလိုက်ပါတယ်။ တချို့စာတွေဟာ စာဖတ်သူ အတွက် အမှိုက်တွေ ဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်။

ဒါပေမဲ့ အမှိုက်လို့ခေါ်တဲ့ စွန့်ပစ်ပစ္စည်းတချို့ဟာ တစ်ခါတလေ အသုံးတည့်ပါတယ်။ ဥပမာ ရေသန့်ဘူးခွံ ဟောင်းရဲ့ထိပ်ပိုင်းကိုဖြတ်ပြီး 'ကတော့' အဖြစ် အသုံးချတာမျိုး ပေါ့။

ခု စုစည်းတင်ပြတဲ့ ကျွန်တော့်စာစုတွေထဲက တချို့တလေ ဟာ စာဖတ်သူအတွက် တစ်စုံတစ်ရာ အသုံးတည့်မယ်ဆိုရင် ကျွန်တော် ရေးရကျိုးနပ်ပါပြီ။

လေးစားသော

၁၃၆၇ ခု၊ ပြာသိုလဆန်း ၉ ရက်၊ စနေနေ့
၇-၁-၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကျွန်တော် အူကြောင်ကြား

လွန်ခဲ့တဲ့တစ်နှစ်လောက်က ရှူးသလိုပေါ်သလိုနဲ့ စားပြီး အိပ်၊ အိပ်ပြီး စား။ စာကလေးပေကလေး ဖတ်လိုက်၊ လေကြောင်းတည့်တဲ့လူနဲ့ စကား ဖောင်ဖွဲ့လိုက် လုပ်နေခဲ့တဲ့ ကျွန်တော့်ကို သူငယ်ချင်း ကိုကျော်စွာ (ဆရာချစ်ဦးညို) က သူ့ ရွှေပြည်တန်ဂျာနယ်အတွက် စာရေးခိုင်းခဲ့ပါတယ်။ ဒါနဲ့ပဲ မငြင်းသာလို့ ဆရာချစ်ဦးညို မနှစ်က လုပ်ခဲ့ဖူးတဲ့ ရွှေပြည်တန်ဂျာနယ်မှာ ဆောင်းပါးလေးတွေ ရေးဖြစ်ခဲ့ပါတယ်။ ဆရာမ ဒေါ်ကလျာကလည်း စာရေးဖို့ အမြဲလိုလို တိုက်တွန်းပါတယ်။ ကျွန်တော်ကိုယ်တိုင် ပါဝင်လှုပ်ရှားခဲ့ဖူးတဲ့ ကလျာမဂ္ဂဇင်းမှာလည်း အရေးကျဲနေတယ်။ ဆရာမက အပြစ်မပြောပါဘူး။ မဟေသီဆရာ ဦးခင်မောင်မြင့်ကလည်း တွေ့တိုင်း စာရေးခိုင်းတယ်။ ဆရာမောင်မြင့်မြတ်လည်း သည်အတိုင်းပဲ။

ကိုဝင်းငြိမ်းတို့၊ ကိုမြတ်ခိုင်တို့၊ ကိုအေးကြူလေးတို့ကလည်း ရေးခိုင်းတာပဲ။ ရေးတိုင်း သုံးမယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ စာရေးဖြစ်အောင် တိုက်တွန်းအားပေးကြတာပါ။ သည်လိုတိုက်တွန်းသူတွေ အများကြီးပါပဲ။

လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်လောက်ကတော့ မဂ္ဂဇင်းထဲမှာ စာမူ

mgyoe.com

mgyoe.com


လေးတစ်ပုဒ်ပါလာရုံနဲ့ ရေးလိုက်တာ နေ့နေ့ညညပါပဲ။ ကျွန်တော့်စာမူတွေ အပယ်ခံခဲ့ရတာလည်း အများကြီးပဲ။ ပယ်လေ ရေးလေ လုပ်ခဲ့တာပဲ။ ခုမှ ဘာဖြစ်လို့ စာရေးဖို့ပျင်းနေသလဲ မသိပါဘူးဗျာ။ ကိုယ့်ဘာသာကိုယ်တော့ စာဖတ်တာများနေလို့၊ စာဖတ်သူအတွက် အကျိုးမဖြစ်ဘဲ အကျိုးမဲ့မှာစိုးလို့တို့ စတဲ့ ထမင်းရည်ပူလာ လျှာလွှဲ အကြောင်းပြချက်တွေ လုပ်နေတာပေါ့ဗျာ။ အမှန်ကတော့ အပျင်းထူနေတာပါ။ သူတောင်းစား ထမင်းဝတော့ အိပ်နေ.... ဆိုလား၊ စကားပုံတောင် ရှိသေးရဲ့။ ကျွန်တော့်ဇနီးက အိမ်ဆိုင်လေး ဖွင့်ထားတယ်။ (ကျွန်တော့်ဝင်ငွေကို စိတ်မချလို့ဆိုတာ ရှင်းပြစရာမလိုပါဘူးနော်။) ရုပ်ရှင်လုပ်ငန်းက ဝင်ငွေအသင့်အတင့်ရှိတယ်။ ဒီတော့ ကျွန်တော် အပျင်းထူလာတာပေါ့ဗျာ။ စားဝတ်နေရေးက အသင့်အတင့် အဆင်ပြေနေတာကိုး။ ဒါ ဘာသဘောလဲဆိုတော့ စာရေးသူအစစ် မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

ဆရာကြီး ငွေဥဒေါင်း (ဦးကြီးမောင်) ရေးတဲ့ ရှမဝမဂ္ဂဇင်းထဲက ဆောင်းပါးတစ်ပုဒ်မှာ ဖတ်ဖူးပါတယ်။ တစ်နေ့တော့ ဆရာဦးကြီးမောင်ဟာ သဘင်ဝန်ဦးနုဆီကို ရောက်သတဲ့။ ဆရာကြီး သဘင်ဝန်ဦးနုက စာရေးနေသတဲ့။ ဆရာ ဦးကြီးမောင်က

"ဆရာကြီး ဘယ်တိုက်ကိုပို့ဖို့ ရေးနေတာလဲ"

လို့ မေးမိသတဲ့။ ဆရာကြီး သဘင်ဝန် ဦးနုက

"ဘယ်တိုက်ကိုမှ ပို့ဖို့မဟုတ်ဘူး။ ငါရေးချင်လို့ ရေးနေတာ" လို့ ပြန်ဖြေသတဲ့။ စာရေးဆရာဆိုတာ အဲသလို ပုဂ္ဂိုလ်မျိုးတွေပါ။ ကျွန်တော်ဆိုတဲ့ကောင်ကတော့ ရေးချင်ချင်ရှိ ထရေးလိုက်၊ ပျင်းပျင်းရှိ ထိုင်နေလိုက်နဲ့ ဘယ်လိုလုပ်ပြီး စာရေးဆရာလို့ သတ်မှတ်နိုင်ပါ့မလဲ။ စာရေးဆရာ မဟုတ်ရင် ဘာကောင်လဲ။ ဘာကောင်မှ မဟုတ်ပါဘူးဗျာ။ စာရေးလိုက်၊ ရုပ်ရှင်ရိုက်လိုက်နဲ့ အသက်မွေးနေတဲ့ကောင်ပါပဲ။

ဆရာပန်းချီစံတိုးနဲ့ မနေ့က တွေ့တယ်။ ဆရာစံတိုးက အမှတ်တရ ကိစ္စတွေကို မှတ်တမ်းမှတ်ရာသဘောမျိုး စာရေးထားသင့်တယ်လို့ အကြံပေးတယ်။ သူလည်း ရေးထားချင်သတဲ့။ (မရေးတတ်ဘူးလို့ နှိမ့်ချပြောတယ်။ တကယ်က ရေးတတ်မှန်း သိပါတယ်ဗျာ။)

"ကိုယ်ရေးချင်တာတွေကို ခုပြောသလို ပြောပြီး ကက်ဆက်လေးနဲ့

mgyoe.com

mgyoe.com


ဖမ်းထားပါလားဗျာ" လို့ ပြန်ပြီးအကြံပေးခဲ့တယ်။ ဆရာနေဝင်းမြင့်က အဲသလိုလုပ်တယ်လို့ ဆရာစံတိုးက ပြန်ပြောပြတယ်။ ချီးကျူးစရာပေါ့ဗျာ။ ကျွန်တော်လည်း အလေ့အကျင့်ကလေးလုပ်ဦးမှ။ ကက်ဆက်နဲ့ဖြစ်ဖြစ်၊ မှတ်စုစာအုပ်လေးနဲ့ ဖြစ်ဖြစ်ပေါ့။ ပြောမယ့်ပြော လုပ်ဖြစ်ပါ့မလားမသိ။

ကျွန်တော် ဘာဖြစ်လို့ စာရေးနေတာလဲလို့ ပြန်စဉ်းစားကြည့်မိတယ်။ ရေးချင်လို့ ဆိုတဲ့ အဖြေကိုရတယ်။ ရေးချင်ရင် ရေးချင်သမျှ ရေးနေပါလားလို့ ကိုယ့်ကိုယ်ကိုယ် ပြောကြည့်တယ်။ ဒီလိုကျတော့လည်း ရေးချင်တာတွေ လျှောက်ရေးလို့ မတော်မတည့်တွေ ရေးဖြစ်ရင် ဘယ်ကောင်းမလဲ။ ဒါဖြင့် ချင့်ချင့်ချိန်ချိန် ရေးပေါ့။ ချင့်ချင့်ချိန်ချိန် သုခမိန်တဲ့။ ပညာရှိများမှ ကျကျနန ချင့်ချိန်နိုင်မှာပေါ့။ ကျွန်တော်က ပညာရှိမှမဟုတ်ဘဲ။ ဒီလိုဆို အဆိပ် မဖြစ်ဘူးထင်တာတွေ ရေး။ စာဖတ်သူက ချင့်ချိန်ပြီး ရွေးဖတ်လိမ့်မယ်။ 'စာဖတ်သူက မှတ်ကျောက်ပဲ'။ ဟာ ဒီလိုတော့လွှဲမချနဲ့။ စာရေးသူမှာ တာဝန်ရှိတယ်။ ဒါဖြင့်လည်း တာဝန်ယူ၊ သင့်တော်တဲ့ စာတွေရေး။ ဒါပေါ့။

အသက်အရွယ်ရလာတဲ့ လူကြီးတွေဟာ သူတို့ဘဝအတွေ့အကြုံကို ပြန်ပြောပြလေ့ရှိတယ်။ ကျွန်တော်တို့ လူလတ်ပိုင်းတွေ၊ လူငယ်တွေက လေရှည်တယ်။ ဇာတ်လမ်းတွဲကြီး စပြီ။ တော်တော်နဲ့ပြီးမှာမဟုတ်တော့ဘူး လို့ထင်ကြတယ်။ အမှန်ကတော့ အသက်ကြီးလာလေလေ စကားများများ ပြောချင်လေပဲ။

ဘာဖြစ်လို့တဲ့လဲ။ အသက်ကြီးတဲ့ လူကြီးသူမများဟာ ဆောင်ရန်၊ ရှောင်ရန်တွေကို ငယ်ရွယ်သူတွေအတွက် ပေးထားခဲ့ချင်တယ်။ လေရှည်ချင် ရှည်ပါလိမ့်မယ်၊ နားထောင်တဲ့သူက သည်းခံပြီး ကိုယ့်အတွက် အကျိုး ရှိမယ့် အကြောင်းအရာတွေကို မှတ်ထား။ အရေးမကြီးဘူး ထင်တာတွေ ခဏမေ့ထား။

(ကိုယ်က အရေးမကြီးဘူးထင်ပေမဲ့ တစ်ခါတလေ သိပ်အရေးကြီးတဲ့ အကြောင်းအရာတွေဟာ 'သက်ကြီးစကား သက်ငယ်ကြား' ထဲမှာ ပါနေလေ့ ရှိပါတယ်။)

ကျွန်တော်တို့တစ်တွေကလည်း ကိုယ်အတွေ့အကြုံနဲ့ စဉ်းစားဆင်ခြင် ထားတာတွေကို ပြန်ပြောပြချင်ပါတယ်။ ဒါကြောင့် စာရေးနေကြတာပါ။

mgyoe.com

mgyoe.com


ငယ်တုန်းကလည်း ငယ်တွေ့ငယ်ကြုံ၊ ရွယ်တော့လည်း ရွယ်တွေ့ရွယ်ကြုံ။ အသက်ကြီးသူတွေမှာတော့ အတွေ့အကြုံတွေ အများကြီး။ စာရေးဆရာကြီးတွေဟာ သူတို့ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေ၊ ပြီးတော့ သူတို့ရဲ့အတွေးအခေါ်တွေကို နောင်းခေတ် လူငယ်လူလတ်တွေအတွက် ရေးပေးနေကြတာပါ။ စာရေးဆရာကြီးတွေဟာ သူတို့ကိုယ်ကျိုးကို သိပ်ထည့်မတွက်တော့ဘူးလို့ ထင်ပါတယ်။ မသေခင်ကတည်းက အမွေတွေကို အလကားပေးနေကြတာပါ။ ခုချက်ချင်း အသုံးဝင်တာတွေလည်း ပါမယ်။ နောင်မှ အသုံးကျမှာတွေလည်း ပါမယ်။ ဟောင်းနွမ်းသွားလို့ အသုံးမတည့်တာတွေလည်း ပါချင်ပါမယ်။ (ဟောင်းနွမ်းသွားပေမဲ့ ရှေးဟောင်းပစ္စည်းဆိုတာ တန်ဖိုးကြီးကြောင်းကိုတော့ လက်ခံထားရပါလိမ့်မယ်။)

ကျွန်တော်တော့ ရာစုသစ်ကြီး၊ ထောင်စုသစ်ကြီးထဲ ရောက်လာပြီမို့ ခေတ်နဲ့အမီဆိုတဲ့ စာတွေလည်း ဖတ်မိပါရဲ့။ ခေတ်မီစေချင်တဲ့ ဆရာတွေကိုလည်း ကျေးဇူးတင်ပါရဲ့။ ဒါပေမဲ့ ခုတစ်လော စာရေးဆရာကြီးတွေရဲ့ စာတွေကို ဖတ်ရတာ ပြန်ဖတ်လေ အသစ်တွေးနိုင်လေ၊ အဓိပ္ပာယ်ပိုနက်လာလေလို့ ခံစားရပါတယ်။

•

ကျွန်တော်ကော ဘယ်လိုစာတွေရေးမလဲ။ ကိုယ် တွေးခေါ်ဆင်ခြင်ကြည့်မိသမျှကို ရိုးရိုးဖြောင့်ဖြောင့် ရေးရုံပါပဲ။ မရိုးမသားနဲ့ စတန့်တွေ ထွင်နေလို့တော့ အပိုပဲ။ ကိုယ့်ကို သူများအထင်ကြီးအောင်လုပ်ရင် ရလာမယ့်အကျိုးက အထင်သေးခံရတာပဲဖြစ်မှာလို့ တွေးမိပါတယ်။

(စာရေးဖို့ တိုက်တွန်းတဲ့သူတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။)

ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၁

❖

mgyoe.com

mgyoe.com

# အရပ်ထဲက စရအောင်

ရိုးရိုးသားသား ဝန်ခံကြကြေးဆိုလျှင် ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှု နည်းတုန်းပါပဲ။ ဟိုးအရင်ကနဲ့စာရင် တိုးတက်လာပြီလို့ ပြောလို့ရပေမဲ့ အရှိန်အဟုန်ပြင်းပြင်းနဲ့ တိုးတက်နေကြတဲ့ အနီးအနားနိုင်ငံတွေနဲ့ ယှဉ်ကြည့်ရင် ကျွန်တော်တို့ နောက်ကျနေသေးတာတော့ အမှန်ပဲ။ အဲဒါကို လျစ်လျူရှုထားလို့ မရပါဘူး။ မသိယောင်ဆောင်နေလို့ မရပါဘူး။

ရှင်းရှင်းပြောရရင် အများစု ဆင်းရဲနေတယ်ပေါ့။ ဆင်းရဲရင် ဘာလုပ်မလဲ။ ရိုးရိုးစဉ်းစားကြရအောင်ပါ။ ဆင်းရဲတဲ့လူတွေအနေနဲ့ ပထမဦးဆုံး လုပ်သင့်တဲ့အလုပ်ဟာ ချွေတာဖို့ပဲ။ ချမ်းသာတဲ့လူတွေနဲ့ ချမ်းသာတဲ့ နိုင်ငံတွေ သုံးသလို၊ ဖြုန်းသလို လိုက်သုံးဖြုန်းနေလို့ မဖြစ်ပါဘူး။ တကယ်တော့ ချမ်းသာတယ်ဆိုတဲ့လူတွေ၊ နိုင်ငံတွေကို သေသေချာချာလေ့လာကြည့်ရင် အသုံးနဲ့အဖြုန်း ခွဲခြားတတ်တဲ့သူတွေဆိုတာ သိသာပါတယ်။ အဲဒါ ရုပ်ပစ္စည်းပိုင်းဆိုင်ရာ ချမ်းသာကြွယ်ဝမှုပဲရှိသေးတယ်။ အဲဒီထက် ပိုအရေးကြီးတဲ့ စိတ်ပိုင်းဆိုင်ရာ ကြွယ်ဝချမ်းသာမှုကိုလည်း မေ့ထားလို့ မရပါဘူး။ လူဟာ စိတ်ချမ်းသာဖို့ သိပ်အရေးကြီးတယ်ဆိုတာ အရပ်ရပ် မပြေလည်မှုတွေနဲ့ တွေ့တဲ့အခါ သိပ်ပြီးသိသာပါတယ်။ အစွန်းတစ်ဖက်

mgyoe.com

mgyoe.com


ရှုထောင့်က စဉ်းစားပြီး စိတ်ချမ်းသာရင်ပြီးရော၊ စားဝတ်နေရေး တိုးတက်အောင် မကြိုးစားဘူးဆိုရင် မှားပါလိမ့်မယ်။ ဆင်းရဲငတ်ပြတ်နေရင် ဘယ်လိုလုပ် စိတ်ချမ်းသာမှာလဲ။ ဒီတော့ စားဝတ်နေရေး ပြေလည်အောင် အလုပ်လုပ်ကြရမှာပါပဲ။

ကျွန်တော်ပြောချင်တာက အသုံးအစွဲလျှော့ဖို့ပါ။ လိုအပ်တာကို သုံးပြီး မလိုအပ်တာတွေ မသုံးဖို့ပါ။ (ဥပမာ ကိုယ့်အိမ်အနီးနားမှာ ဗီဒီယိုရုံရှိလျက်နဲ့ ရှိစုမဲ့စု ပေါင်နှံရောင်းချပြီး အပေါ်စက်၊ အောက်စက် ဝယ်ဖို့မသင့်သလိုပေါ့။) အသုံးအစွဲဆိုတဲ့စကားမှာ 'စွဲ' ဆိုတာကို သတိထားသင့်ပါတယ်။ စွဲလမ်းလွန်းရင် မကောင်းပါဘူး။ 'အစွဲ' ကိစ္စ အရင်စဉ်းစားရအောင်ပါ။

ကမ္ဘာ့ရေးရာ အဖြာဖြာတွေ ခဏထားပြီး အရပ်ထဲ ဖြစ်နေတာတွေ ပြောချင်ပါတယ်။

ကျွန်တော်တို့အိမ်နားမှာ မိန်းကလေးတစ်ယောက် အကြော်ရောင်းပါတယ်။ စားဝတ်နေရေး အသင့်အတင့် ပြေလည်တယ်ဆိုပါတော့။ အဲ.... မကြာပါဘူး။ အများစု စွဲလမ်းနေကြတဲ့ 'ထီ' ကိစ္စ ဝင်လာပါလေရော။ လဆန်းပိုင်း နေ့တိုင်းထိုးလို့ရတဲ့ ထီလေ။ နောက် လလယ်ထီ၊ လကုန်ထီ။ တစ်ခါနှစ်ခါလောက် ပေါက်တော့ စွဲလာပါလေရော။ နောက်တော့ ထောင်ဂဏန်းဖိုးအထိ ထီထိုးတယ်။ ပိုက်ဆံမရှိတော့ အကြော်ကြော်တဲ့ ဒယ်အိုးပေါင်ပြီးထိုးတယ်။ ထီမပေါက်ဘူး၊ ဒယ်အိုးပြန်မရွေးနိုင်ဘူး။ အကြော်ဆိုင်ပြုတ်တယ်။ အနီးနားက ကွမ်းယာဆေးလိပ်ဆိုင်မှာ ကူပြီးလုပ်တယ်။ ထီထပ်ထိုးတယ်။ ပြေလည်သလိုလို ဖြစ်လာတယ်။ အကြော်ဆိုင်ပြန်ဖွင့်ဖို့ ကြိုးစားတယ်။ အရင်းအနှီးက မမီတော့ဘူး။ ဒီတော့ ဟိုလူဒီလူ ခိုင်းတာလေးတွေ လုပ်ပေးရင်း တစ်ဝမ်းတစ်ခါး ရှာစားနေတယ်။ ကလေးတွေကို သူတို့အဘွားဆီ ပို့ထားရတယ်။ သည်နှစ် ကျောင်းနုတ်မယ်တဲ့။ သူ ဘယ်တော့လောက် ပြန်ပြေလည်မလဲ စဉ်းစားလို့မရဘူး။

မြန်မာပြည်အနှံ့မှာရှိတဲ့ လူအများစုဟာ အဲဒီထီရောဂါ ထနေကြပါတယ်။ အချောင်ရချင်တဲ့စိတ်တွေ ကိန်းဝပ်နေကြတာပါပဲ။ သာမန်လူတွေပဲ၊ သူတော်စင်တွေမှ မဟုတ်တာ။ လောဘတော့ ရှိကြမှာပေါ့။ မျှော်လင့်

mgyoe.com

mgyoe.com


ချက်နဲ့ စိတ်ကူးယဉ်ချင်မှာပေါ့လို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ စိတ်ကူးယဉ်တာ၊ လောဘတက်တာ တန်ရုံလောက်ပဲ ကောင်းပါတယ်။

ရှင်းရှင်းပြောရရင် အဲဒီ လဆန်း၊ လလယ်၊ လကုန် 'ထီ' တွေဟာ လောင်းကစားပါ။ လောင်းကစားဟာ ဘယ်တော့မှ ကောင်းကျိုးမပေးပါဘူး။ လောဘက တက်သည်ထက် တက်လာတာကိုး။ တစ်ချိန်က 'သုံးဆယ့်ခြောက်ကောင်' က ဘယ်လောက် နှိပ်စက်ခဲ့သလဲ။

လောင်းကစားစိတ်ဟာ အလုပ်မလုပ်ဘဲ အချောင်ရချင်တဲ့စိတ်ပဲ။ အဲဒီစိတ်ဓာတ် လူများစုကြီးမှာ ဝင်နေရင် မလွယ်ပါဘူး။

ကျွန်တော်တို့ဆီမှာ သယံဇာတတွေ ပေါကြွယ်လှပါတယ်။ သယံဇာတ ဆိုတာ ထုတ်ဖော်သုံးစွဲနိုင်မှ အကျိုးရှိတာပါ။

အလုပ်မလုပ်ဘဲ အချောင်ရချင်တဲ့စိတ်ဓာတ်တွေ လူအများစုမှာ သိပ်ကြီးစိုးသွားရင်....။ ကျွန်တော်တို့အပျပ်ထဲက အကြော်သည် မိန်းကလေး ဒယ်အိုးပေါင်ပြီး ထီထိုးသလို ကျွန်တော်တို့ရဲ့ သယံဇာတတွေ 'ပေါင်' လိုက်ရမှာ စိုးရိမ်မိတယ်။ ပေါချောင်ကောင်းနဲ့ အပေါင်ခံချင်တဲ့ ငတိကြီးတွေ ရှိနေတယ်ဆိုတာ သတိချပ်ဖို့ လိုပါတယ်။

လူအများစုရဲ့ ကျွမ်းကျင်မှုလုပ်နည်း လုပ်ဟန်၊ ကိုယ်ကျင့်တရားနဲ့ စိတ်ဓာတ်ဟာ အရေးကြီးတဲ့နေရာမှာ ရှိပါတယ်။ အချောင်သမားစိတ်ဓာတ် ပျောက်အောင် ဘယ်လိုလုပ်ကြမလဲဆိုတာ ပညာရှိများ ဝိုင်းဝန်းစဉ်းစားကြစေလိုပါတယ်။ ကျွန်တော်ကတော့ အနီးအနား စည်းရုံးကြည့်တာ မရသေးဘူးခင်ဗျ။

❖

mgyoe.com

mgyoe.com

## ရတနာဒီပံတဲ့ဟော့

ကျွန်တော်တို့မြို့နယ်ထဲမှာ လွန်ခဲ့တဲ့ လေးငါးရက်လောက်က မီးလောင်မှု တစ်ခု ဖြစ်ပါတယ်။ အိမ်ခြောက်လုံးလောက် မီးဘေးသင့်သွားပါတယ်။ အရပ်ကလည်း ဝိုင်းငြိမ်း၊ မီးသတ်ကားလည်း အရောက်မြန်လို့ သက်သာ သွားပါတယ်။

နွေရာသီမှ ဝင်မယ်မကြဲသေးဘူး၊ မီးဘေးက စလာပါပြီ။ မီးလောင်မှု တွေမှာ အများဆုံးဖြစ်လေ့ရှိတဲ့ အကြောင်းရင်းကတော့ ပေါ့ဆမီးပါပဲ။

ခုနပြောတဲ့မီးလောင်မှုဟာလည်း ပေါ့ဆမီးက စတယ်လို့ဆိုပါတယ်။ ဘာကြောင့်လောင်တယ်ဆိုတာ ကာယကံရှင်တွေပဲ သိပါလိမ့်မယ်။

လူပြောသူပြော ကြားရတာကတော့ ဘုရားမီးပူဇော်ရာက စလောင် တယ်တဲ့။ လောင်တဲ့အချိန်က ညဉ့်တစ်နာရီလောက်။

ယတြာချေဖို့၊ ဓာတ်ဆင်ဖို့ ဆေးဖယောင်းတိုင်ကြီးဆိုလား၊ ရတနာဒီပံ ဆိုလား ထွန်းညှိပူဇော်သတဲ့။ ဘုရားစင်မှာ မီးပူဇော်၊ လိုရာတွေ ဆုတောင်း၊ ပြီးတော့ အိပ်လိုက်ကြသတဲ့။ သူတို့ ပူဇော်လေ့ရှိတဲ့ ဖယောင်းတိုင်က အကြီး ကြီးတွေ၊ ဝါဆိုဖယောင်းတိုင်ကြီးတွေတဲ့။ အဲဒီဖယောင်းတိုင်ကြီးတွေမှာ အင်းတို့၊ ဂါထာမန္တန်တို့ ရေးထားတဲ့ စက္ကူပြတ်ကြီး ပတ်ထားသတဲ့။

mgyoe.com

mgyoe.com


ဖယောင်းတိုင်မှာ စက္ကူပတ်ထားတော့ လောင်အား ပိုကောင်းမှာပေါ့။

ဝါဆိုဖယောင်းတိုင်ကြီးတွေဟာ အနည်းဆုံး နှစ်နာရီလောက်တော့ လောင်ကျွမ်းထွန်းလင်းနေတာပါ။

အိပ်ပျော်သွားတဲ့အချိန်မှာ အဲဒီဖယောင်းတိုင်ကြီးက လဲကျသွားပြီး ဘုရားစင်ကို ကာထားတဲ့ ဇာခန်းဆီးစကို မီးစွဲသတဲ့။ အဲဒီကတစ်ဆင့် မီးလောင်တော့တာပါပဲတဲ့။

ဒါက ဘေးနားကလူတွေ ပြောတာပါ။ ဖြစ်တန်ရာကို မှန်းပြီး ပြောကြတာဖြစ်ပါလိမ့်မယ်။ ဘယ်လိုက ဘယ်လို စပြီး မီးလောင်တယ် ဆိုတာကိုတော့ ကာယကံရှင်တွေ ကိုယ်တိုင်တောင် တိတိကျကျ သိမယ် မဟုတ်ပါဘူး။ ဘာကြောင့်ဆို သူတို့ အိပ်ပျော်နေကြတာကိုး။

ယတြာ၊ ဓာတ်ဆင် ဓာတ်ရိုက် ဖယောင်းတိုင်ကြီး လဲကျရာကနေ စလောင်တာဆိုရင်တော့ ပြောစရာတွေ ရှိလာပါတယ်။

ဗေဒင်ပညာကို ကျွန်တော် လေးစားပါတယ်။ လောကီရေးကိစ္စတွေ အတွက် ရှေးအစဉ်အဆက်ကရှိခဲ့တဲ့ ပညာမဟုတ်လား။ ညာဝါး ဖြန်းသန်း တာတွေရှိသလို အစစ်အမှန်လည်း ရှိပါလိမ့်မယ်။

ပြီးတော့ သောကရောက်နေတဲ့သူတွေကို စိတ်သက်သာရာသက်သာ ကြောင်း တစ်နည်းတစ်လမ်းအားဖြင့် ကူညီပေးရာလည်း ရောက်ပါတယ်။ မပြေလည်တာ တစ်ခုခုကြုံလာရင် ဒါမှမဟုတ် လုပ်ငန်းတစ်ခု ဆောင်ရွက် တော့မယ်ဆိုရင် ဗေဒင်မေးပြီး ယတြာချေတာတို့၊ အခါကောင်းရွေးတာ တို့ကြောင့် အဲဒီယုံကြည်တဲ့လူမှာ အသင့်အတင့် စိတ်သက်သာရာရစေမှာပါ။ လုပ်ငန်းအပေါ် ယုံကြည်ချက် ရှိလာမှာပါ။ ဖြစ်တာ မဖြစ်တာ နောက်ထား၊ လောလောဆယ်တော့ ယုံကြည်သူအဖို့ ကျေနပ်မှု တစ်စုံတစ်ရာ ရနိုင်ပါ တယ်။ ဓာတ်တွေ၊ ယတြာတွေပဲ အားကိုးနေပြီး ဘာအလုပ်မှ မလုပ်ရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။

ဗေဒင်ကို မယုံကြည်လို့ ဗေဒင်မမေးတဲ့လူတွေကို အပြစ်ပြောစရာ မလိုသလို၊ ယုံကြည်လို့ မေးတဲ့လူတွေလည်း မေးပါစေ။ တန်ဖိုးမကြီးတဲ့ ယတြာတွေ ချေတာလည်း ချေပါစေ။ ဖယောင်းတိုင် နှစ်ဆယ်၊ အစိတ်ဖိုး လောက်နဲ့ စိတ်သောက နည်းနည်းသက်သာတယ်ဆို နည်းလား။ ရွှေမင်

mgyoe.com

mgyoe.com


သုတ်ထားတဲ့ ဖယောင်းတိုင်ကြီးတစ်တိုင်ကို ငွေတစ်ထောင် နှစ်ထောင် ဆိုရင်တော့ စဉ်းစားပေါ့။

ဘာပဲဖြစ်ဖြစ်လေ ဆေးဖယောင်းတိုင်ကြီးတွေ အိမ်မှာထွန်းတော့မယ် ဆိုရင်တော့ မီးမလောင်အောင် ကြိုတင်ကာကွယ်ထားရပါလိမ့်မယ်။ ဖယောင်းတိုင်ကြီး မီးသေတဲ့အထိ ဘုရားရှိခိုးရင်း စောင့်ပေါ့။အဲဒါတော့ အကောင်းဆုံးနည်းပါပဲ။

အဲ.... မစောင့်နိုင်ဘူးဆိုရင် သတ္တုဇလုံ၊ ကြွေရည်သုတ်သံဇလုံ ခပ်ကြီးကြီးထဲမှာ ဖယောင်းတိုင်ထွန်းပေါ့။ ပြီးတော့ အဲဒီဇလုံထဲ ရေထည့်ထားပေါ့။ ဖယောင်းတိုင် လဲကျသည့်တိုင် ဇလုံထဲမှာပဲ လဲနိုင်ဖို့အထိတော့ အောက်ခံဇလုံက ကြီးရပါလိမ့်မယ်။ ဖယောင်းတိုင် မီးရှိန်တက်မယ့် အထက်တည့်တည့်မှာ ဗိတန်ခေါ်တဲ့ ပိတ် အစရှိတဲ့ လောင်စာ မရှိဖို့လည်း လိုတာပါပဲ။ ဘုရားစင်က ခေါင်မိုးနဲ့ကပ်နေပြီး ခေါင်မိုးကလည်း ဓနိ စတဲ့ မီးလောင်လွယ်တာမျိုးဆိုရင်တော့ ဖယောင်းတိုင်မီး၊ ဆီမီး စတာတွေ ပူဇော်ရင် မီးငြိမ်းတဲ့အထိ စောင့်တာပဲ ကောင်းပါတယ်။ ဘုရားရှိခိုးရင်း စောင့်လိုက်ပါ။ ဘုရားရှိခိုးရင် စိတ်တည်ကြည်ငြိမ်သက်လာပါလိမ့်မယ်။ စိတ်သောကတွေ ရှိရင်လည်း တန်သလောက် ငြိမ်းမှာပါပဲ။ လောကဓံတရားကို ဆင်ခြင်နှလုံးသွင်းနိုင်တဲ့ ပုဂ္ဂိုလ်များဆိုရင် သောကငြိမ်းမှာ သေချာပါတယ်။

ဆေးဖယောင်းတိုင်ကြီးတွေ ထွန်းညှိပူဇော်တယ် ဆိုကတည်းက သောက ဒါမှမဟုတ် လောဘတွေ ပါနေမှာပါပဲ။ တရားတော်မှာ ဟောတာက လောဘ သတ်ဖို့ပါ။ သောက ငြိမ်းဖို့ပါ။ ဖယောင်းတိုင်မီး တရှိန်ရှိန်တောက်သလို လောဘတွေ၊ သောကတွေ တောက်လောင်ဖို့ မဟုတ်ပါဘူး။

စိတ်ကျေနပ်ကြည်နူးမှုရအောင် ဘုရားမီးပူဇော်တယ် ဆိုရင်လည်း ဖယောင်းတိုင်သေးသေးလေးတွေ ပူဇော်လို့ရပါတယ်။ ကိုယ် ဘုရားအာရုံပြုနေမယ့်အချိန် တစ်နာရီလောက် ကြာမယ်ဆိုရင် တစ်နာရီအတွင်း ငြိမ်းမယ့် ဖယောင်းတိုင်နဲ့ ပူဇော်ပေါ့။ နာရီဝက်လောက်ပဲ ကြာမယ်ဆိုရင်လည်း အသေးဆုံး ဖယောင်းတိုင်ကလေးတွေ ပူဇော်ပေါ့။

ဖယောင်းတိုင်သေးသေးနဲ့ ပူဇော်ရကောင်းလားလို့ မြတ်စွာဘုရားသက်တော်ထင်ရှားရှိရင်တောင် အပြစ်ဆိုမှာမဟုတ်ဘူးဆိုတာ စိတ်ချပါ။

mgyoe.com

mgyoe.com


သက်တော်ထင်ရှား မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ကြည်ညို လွန်းလို့ တစိမ့်စိမ့်ဖူးမြော်ရင်း တကောက်ကောက်လိုက်နေခဲ့တဲ့ 'အရှင်ဝက္ကလိ' ဆိုတဲ့ ရဟန်းတော်ကို ဗုဒ္ဓမြတ်စွာက၊ ဟောကြားတဲ့တရားကို နှလုံးမသွင်းရ ကောင်းလား၊ နိဗ္ဗာန် မျက်မှောက်ပြုဖို့အတွက် မကျင့်ကြံရကောင်းလားဆိုပြီး 'အချည်းနှီးသော ယောကျ်ား' (အလကားကောင်)လို့ မိန့်ဖူးပါတယ်။

ဖယောင်းတိုင်မီး၊ ဆီမီးပူဇော်တဲ့ကိစ္စကို ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစား ကြပေါ့ဗျာ။ မပူဇော်သင့်ဘူးလို့ မပြောပါဘူး။ ဉာဏ်နဲ့ယှဉ်ပြီး ပူဇော်ဖို့ ပြောတာပါ။

လျှပ်စစ်ပျက်လို့ ဖယောင်းတိုင်ထွန်းရင်လည်း သတိထားရမှာပဲ။ မလိုရင် မထွန်းနဲ့ပေါ့ဗျာ။ အကုန်အကျတောင် သက်သာသေး။

သည်စာစုအစပိုင်းမှာပါတဲ့ ဆေးဖယောင်းတိုင်ကြီး ပူဇော်မှုဟာ တကယ်ပဲ အဲသလို ဆေးဖယောင်းတိုင်ကြောင့် မီးလောင်ရပါတယ်ဆိုရင် အကျိုးမဖြစ်တဲ့အပြင် ရှိတဲ့ပစ္စည်းလေးတွေပါ ပြောင်သွားတာ မဟုတ်လား။ ကိုယ်တင်မဟုတ်ဘူး။ အနီးအနားအိမ်တွေပါ ဒုက္ခရောက်ကုန်ကြတယ် မဟုတ်လား။ ဆင်ဆင်ခြင်ခြင် လုပ်ကြပါဗျာ။

ယတြာတွေ၊ ဓာတ်ဆင်တွေပေးတဲ့ ဆရာများကိုလည်း တောင်းပန် ချင်ပါတယ်။ ဆေးဖယောင်းတိုင်တွေ သေးသေးပဲပေးပါဗျာ။ ဆရာတို့ပညာ က ဖယောင်းတိုင်သေးသေးလေးနဲ့လည်း အစွမ်းထက်တဲ့အကြောင်း ပြရာ ရောက်တာပေါ့။ ဖယောင်းတိုင်မကုန်မချင်း ဘုရားရှိခိုးရမယ်၊ ပုတီးစိပ်၊ တရားထိုင်ရမယ် စသဖြင့်လည်း ညွှန်ကြားပေးစေလိုပါတယ်။ ကုသိုလ် ပိုရတာပေါ့။ အန္တရာယ်လည်း တကယ်ကင်းတာပေါ့။

ကျွန်တော့်အိမ်မှာလည်း ဖယောင်းတိုင်ကြီးကနေ စာအုပ်တွေကို မီးစွဲဖူးပါတယ်။ အသိမြန်လို့ ဘာမှမဖြစ်တာ၊ 'မှတ်ကရော့' ဆိုပြီး မှတ်ထား ရတယ်ခင်ဗျ။

❖

mgyoe.com

mgyoe.com

# ရွှေနွားကြတော့မှာလား

အဲဒီတုန်းက မြေနီကုန်းကြက်တန်း ရှိသေးသဗျ။ လမ်းကြို၊ လမ်းကြားတွေမှာ ကားပစ္စည်းအဟောင်းတွေ၊ အသစ်တွေ ရောင်းချနေကြတဲ့အချိန်ပေါ့။ ကားပစ္စည်းဆိုင်တွေကလည်း ခုလိုတိုက်ကြီးတွေနဲ့မဟုတ်ပါဘူး။ သွပ်မိုး ပျဉ်ကာ အဖီထုတ်ထားတယ်ဆိုရင်ပဲ တော်တော်သပ်ရပ်တယ်လို့ ပြောရမယ့်အချိန်ပါ။

တစ်နေ့မှာတော့ ကျွန်တော့်အစ်ကိုတော် တစ်ယောက်နဲ့အတူ မနက်စောစော ရွှေတိဂုံစေတီတော်ပေါ် ဘုရားဖူးတက်ခဲ့ပါတယ်။ ကျွန်တော် ဘုရားဖူးရင် ညနေပိုင်း၊ ညဦးပိုင်းမှာ ဖူးလေ့ရှိပါတယ်။ ကျွန်တော့်အစ်ကိုတော်ကတော့ နံနက်စောစော ဘုရားဖူးရတာ ပိုပြီးကြည်နူးရတယ်၊ သဒ္ဓါပိုပွားရတယ်။ နေလည်းမပူသေးဘူး၊ လေကောင်းလေသန့်လည်းရတယ်။ ကျန်းမာရေးရှုထောင့်က ကြည့်ရင်လည်း နံနက်စောစောက ပိုကောင်းတယ်။ ကြည်ညိုသဒ္ဓါပွားများမှုဘက်က ကြည့်ရင်လည်း နေ့စဉ်လုပ်ငန်းတွေ မစမီမို့ စိတ်ထဲ ပိုလို့ကြည်နူးနိုင်တယ်။ ဘုရားတရားကို ပိုပြီးအာရုံကျနိုင်တယ် စသည်ဖြင့် အကြောင်းပြချက်တွေပြောပြီး ကျွန်တော်နဲ့အတူ နံနက်စောစော ဘုရားဖူးထွက်ခဲ့ကြပါတယ်။

ဟုတ်ပါတယ်။ နံနက်စောစောမှာ ဘုရားဖူးရတာ စိတ်ကြည်လင်

mgyoe.com

mgyoe.com


သန့်ရှင်းပြီး ကြည်နူးရပါတယ်။ ကျွန်တော်ကတော့ တတ်သမျှ၊ မှတ်သမျှ ဘုရားရှိခိုးစာတွေရွတ်ပြီး ရွှေတိဂုံစေတီတော်ကြီးကို ကြည်ညိုလိုက်ပါတယ်။ စိတ်ထဲမှန်းတာကတော့ ဗုဒ္ဓမြတ်စွာရဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ ထိုးထွင်းသိမြင်ခဲ့တဲ့ တရားတော်ပါပဲ။ အဲဒီတရားတော်ကို အစဉ်စောင့်ရှောက်ထိန်းသိမ်းလာတဲ့ သံဃာတော်များကိုလည်း ပူဇော်လိုက်ပါတယ်။ ဘုရားဖူးလိုက်ရတော့ ကျွန်တော့်စိတ်ထဲမှာ အေးမြနေခဲ့ပါတယ်။

ကျွန်တော့်အစ်ကိုတော်ကတော့ ရင်ပြင်တော်ပေါ်က ဆင်းတုတော်တစ်ဆူကို ရေသပ္ပာယ်တာတို့၊ သန့်ရှင်းရေးလုပ်တာတို့၊ ပန်း၊ ရေချမ်း၊ ဆီမီး ပူဇော်တာတို့ လုပ်ပါတယ်။ ပြီးတော့ ပုတီးထိုင်စိပ်နေလေရဲ့။

ကျွန်တော်လည်း တတ်သမျှ မှတ်သမျှ ဘုရားစာ တရားစာတွေ ရွတ်ဆိုရှိခိုးပြီးတဲ့နောက် စေတီတော်ကို လက်ယာရစ် ပူဇော်လိုက်ပါတယ်။

နံနက်စောစောလည်း ဖြစ်ပြန်၊ ကိစ္စများမြောင် လူတို့ဘောင်ရဲ့ တစ်နေ့တာလုပ်ငန်းတွေကိုလည်း ရင်မဆိုင်ရသေးတဲ့အချိန် ဖြစ်လို့လားတော့ မသိဘူး၊ ကျွန်တော့်စိတ်က ရှင်းသန့်နေခဲ့ပါတယ်။

ကျွန်တော် ကြားဖူးတာလေးတစ်ခု ရှိပါတယ်။ စေတီတော်တစ်ဆူကို လူသုံးယောက် လာရောက်ဖူးမြော်ကြပါသတဲ့။ ပထမလူက စေတီတော် ရင်ပြင်ပေါ်ရောက်တာနဲ့ ဆိတ်ငြိမ်ရာ တစ်နေရာမှာထိုင်ပြီး မျက်စိမှိတ်၊ မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေကို အာရုံပြု၊ သဗ္ဗညုတ ဉာဏ်တော်ကို ပူဇော်၊ တရားတော်ကို အာရုံပြု၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားများကို ဉာဏ်မီသမျှ ဆင်ခြင်၊ သံဃာတော်တွေကို အာရုံပြု ပူဇော်၊ အရိယာရဟန္တာများနှင့်တကွ သမုတိရဟန်းများကိုလည်း ပူဇော်၊ တရားနှလုံးသွင်းပြီး ရှိခိုးကန်တော့လိုက်ပါသတဲ့။ အဲဒီအချိန်အတောအတွင်းမှာ သူ့မှာ တရားတော်ကို ကြည်ညိုသဒ္ဒါပွားတဲ့ စိတ်ကလွဲလို့ ဘာမှမရှိပါဘူးတဲ့။

ဒုတိယတစ်ဦးကတော့ ရွှေတဝင်းဝင်းတောက်ပနေတဲ့ စေတီတော်ကြီးကို ရွှေတွေ တဖိတ်ဖိတ်လက်နေတဲ့အတွက် ကျေနပ်အားရစွာ ကြည်ညိုနေပါသတဲ့။ အဲဒီ ရွှေတွေ၊ ငွေတွေ၊ ထီးတော်မှာ တင်လှူထားတဲ့ ကျောက်သံပတ္တမြားတွေကိုလည်း ကျေကျေနပ်နပ် ကြည်ကြည်နူးနူး ကြည့်ရှုပါသတဲ့။ အဲဒီ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေကို လှူခဲ့ကြသူများရဲ့ အလှူဒါန

mgyoe.com

mgyoe.com

ကိုလည်း သာဓုအနုမောဒနာပြုပါသတဲ့။ စေတီတော်ကြီးရဲ့ ရွှေတဝင်းဝင်းနဲ့ သပ္ပာယ်ပုံကို ကြည့်ရှုဖူးမြော်ပြီး ကြည်နူးသဒ္ဓါ ပွားများပါသတဲ့။ ပြီးတော့မှ မြတ်စွာဘုရားကို အာရုံပြုပြီး ကြည်လင်တဲ့စိတ်ထားနဲ့ သီလခံယူ ဆောက်တည်ပါတဲ့။

တတိယတစ်ယောက်ကတော့ ရွှေရောင်တဝင်းဝင်းနဲ့ စေတီတော်ကြီးကို မြင်လိုက်ရရင်ပဲ သူ့စိတ်ထဲမှာ လောဘတွေ ဝင်လာပါသတဲ့။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေကို လိုချင်တဲ့စိတ်က ခွာမရအောင်ကပ်တော့တာပါပဲတဲ့။ စေတီတော်ကြီးကို ဖူးမြော်နေပေမဲ့စိတ်က ရွှေတွေလိုချင်တဲ့ လောဘဖိစီးနေပါသတဲ့။ နောက်ဆုံးတော့ လူလစ်ရင် ရွှေခွာလိုက်ရ ကောင်းမှာပဲဆိုတဲ့ စိတ်ရိုင်းစိတ်မိုက်တွေ ဝင်လာပါသတဲ့။ စေတီတော်မှာလှူထားတဲ့ ရွှေတွေထဲက နည်းနည်းဖြစ်ဖြစ် သူရလိုက်ရင် အတော့်ကို ကြွယ်ဝချမ်းသာလာမှာပဲလို့ စိတ်ကူးမိပါသတဲ့။

ဒီလိုနဲ့ စေတီတော်ပေါ်က အဲဒီလူသုံးယောက် ပြန်ဆင်းလာခဲ့ကြပါသတဲ့။ တစ်ဦးစီမှာပါလာတဲ့ စိတ်အခြေအနေတွေကတော့ မတူကြတော့ပါဘူး။

သဗ္ဗညုတဉာဏ်တော်ကို ကြည်ညိုပြီး တရားနှလုံးသွင်းရင်း ပြန်ဆင်းလာတဲ့လူ။

စေတီတော်ကို ကြည်ညိုပြီး ဘုရားထံမှ သီလဆောက်တည်ခဲ့တဲ့အတွက် သီလကို နှလုံးသွင်းပြီး ပြန်ဆင်းလာတဲ့လူ။

ရွှေတွေကိုသာကြည့်ပြီး လောဘရမ္မက် လျှမ်းလျှမ်းတက်ပြီး ပြန်ဆင်းလာတဲ့လူ။

စေတီတော်ကတော့ ဒီတစ်ဆူတည်းပါပဲ။ ဒါပေမဲ့ ဘုရားဖူး လူသုံးယောက်ရဲ့ စိတ်နေစိတ်ထားတွေ ကွဲပြားသွားတဲ့အတွက် အကျိုးအပြစ်ရပုံခြင်းကတော့ ကွာခြားကုန်ကြပါတယ်တဲ့။

ရွှေခွာချင်စိတ်ပေါက်သွားတဲ့လူများဆို ဘယ်လိုများ ဆိုးကျိုးတွေတသီတသန်း လိုက်ပါလာလိမ့်မယ် မသိဘူး။

ဒါကြောင့် ဗုဒ္ဓမြတ်စွာက စေ့ဆော်တိုက်တွန်းတတ်တဲ့ စေတနာကိုကံတရားလို့ ဟောတော်မူခဲ့တာပါပဲ။

mgyoe.com

mgyoe.com


ကျွန်တော်က အဲဒီနေ့မနက်ပိုင်းမှာ ဘုရားဖူးပြီး စိတ် ကြည်ကြည်လင်လင်နဲ့ ရင်ပြင်တော်ပေါ်က ပြန်ဆင်းခဲ့ပါတယ်။ ကျွန်တော့်အစ်ကိုတော်က ဘုရားကအဆင်းမှာ စိပ်ပုတီးတစ်ကုံး ဝယ်ပါတယ်။ ပြီးတော့ ကျွန်တော့်ကို မြေနီကုန်းကြက်တန်းဘက် မောင်းခိုင်းပါတယ်။ အဲဒီတုန်းက ကျွန်တော့်မှာ ပစ်ကပ်ကားကလေးတစ်စီးရှိပါတယ်။ အဲဒီကားရဲ့ ရှေ့ဘီးနှစ်လုံးက သိပ်မကောင်းလို့ ဘီးအသစ်နှစ်လုံးဝယ် တပ်ပြီးခါစပါ။ ဒန်းလော့ပ် အမျိုးအစား ကားဘီးဆိုတာ မှတ်မိနေပါသေးရဲ့။

အစ်ကိုတော်က သူဝယ်ခဲ့တဲ့ စိပ်ပုတီးကို အဲဒီ မြေနီကုန်းကြက်တန်းကြားလမ်းတစ်လမ်းက သူ့မိတ်ဆွေစီဝင်ပြီး လက်ဆောင်ပေးမလို့ပါတဲ့။

အဲဒီလမ်းကြားထဲဝင်လိုက်တော့ ကားပစ္စည်း အဟောင်း၊ အသစ်တွေရောင်းနေကြတဲ့လမ်း ဖြစ်နေပါတယ်။ မူလအိမ်ရှင်တွေက သူတို့ အိမ်ရှေ့ဥပစာနေရာကို အဖီချပြီး ကားပစ္စည်းရောင်းသူတွေကို ငှားထားတာနဲ့တူပါရဲ့။ ဒါမှမဟုတ်လည်း အိမ်ရှင်ကိုယ်တိုင် ကားပစ္စည်းရောင်းတတ်လို့ရောင်းနေတာလည်း ရှိချင်ရှိမှာပေါ့။

အစ်ကိုတော်က အဲဒီဆိုင်တွေကြားထဲက ဖြတ်ပြီး အနောက်ဘက်တစ်နေရာကို သွားလေရဲ့။ ကျွန်တော်ကတော့ ကားပေါ်မှာပဲ ထိုင်ပြီးစောင့်နေလိုက်ပါတယ်။

သိပ်မကြာမတင်မှာပဲ ကျွန်တော့်ကားအနားကို ဘာသာခြား အသားမည်း လူသုံးယောက်လောက် ရောက်လာပါတယ်။ ကျွန်တော့် ကားရှေ့ဘီးနှစ်လုံးကို ကြည့်နေကြလေရဲ့။

ကျွန်တော့်စိတ်ထဲမှာတော့ ကားပစ္စည်းရောင်းဝယ်သူတွေမို့ ကားပစ္စည်းတွေကို စိတ်ဝင်စားကြတာ သူတို့အလုပ်သူတို့ စိတ်ဝင်စားတဲ့သဘောပဲ၊ ဒါ ကောင်းတာပေါ့လို့ အောက်မေ့လိုက်ပါတယ်။ သူတို့က ကျွန်တော့်ကို အကဲခတ်ပါတယ်။ ကျွန်တော်လည်း ဘုရားပေါ်က ဆင်းလာခါစဆိုတော့ စိတ်ကြည်လင်နေတာနဲ့ ပြုံးပြလိုက်ပါတယ်။

သူတို့ချင်း တစ်စုံတစ်ရာတိုင်ပင်ကြပါတယ်။ ပြီးတော့ ကျွန်တော့်နားလာကြပါတယ်။ ပြီးတော့ ခပ်ရဲရဲပဲ မေးပါတယ်။

"ကိုယ့်ဆရာ ရှေ့ဘီးနှစ်ဘီးလဲသွားမလား" တဲ့။

mgyoe.com

ကျွန်တော်က "မလဲပါဘူးဗျာ၊ အသစ်တွေပါ။ မနေ့တစ်နေ့ကမှ ဝယ်ထားတာပါ" လို့ ပြန်ပြောပါတယ်။

"အဲဒါကြောင့် ပြောတာပေါ့၊ ဒီဘီးအသစ်တွေနဲ့ ကွန်ပေါင်းနဲ့ လဲမလားလို့ မေးတာ"

"ဟာ မဟုတ်တာကြီးပဲ၊ အသစ်နဲ့ ကွန်ပေါင်း ဘယ်လဲနိုင်ပါ့မလဲ"

"ခင်ဗျားအတွက် ငွေတစ်ထောင်ပေးမှာပေါ့"

"မဟုတ်တာဗျာ၊ မလဲပါဘူး"

"နည်းလို့လား၊ ထောင့်ငါးရာပေးမယ်ဗျာ"

"မလဲပါဘူးဗျာ"

"ခင်ဗျား ကြည့်လိုက်ဦးလေ"

အဲသလိုပြောပြီး ဒန်းလော့ပ်တာယာတစ်လုံး သွားယူလာပါတယ်။ ကွန်ပေါင်းဆိုပေမဲ့ တကယ့်အသစ်အတိုင်းပါပဲ။ ကွန်ပေါင်းဆိုတာ ပန်းပါးသွားတဲ့ ကားဘီးတွေကို ပန်းပုံအသစ်ပြန်ဖော်ပြီး ရောင်းလေ့ရှိတဲ့ တာယာမျိုးဆိုတာလောက်တော့ ကျွန်တော် သိထားပါတယ်။

"ကဲ ခင်ဗျားကြည့်၊ ခင်ဗျားတာယာနဲ့ ဘယ်လိုမှ ခွဲလို့မရဘူး။ ဘယ့်နှယ့်လဲ"

ကျွန်တော့်စိတ်ထဲ ကသိကအောက် ဇဝေဇဝါတွေ ဖြစ်နေပါတယ်။

ဘယ်နှယ့် ငါ့တာယာအသစ်ကို အဟောင်းနဲ့ လာလဲပြီး ငွေအလိုက်ပေးနေတယ်၊ ဘယ်လိုပါလိမ့်ပေါ့။

တာယာဆရာက ဆက်ပြောပြန်ပါတယ်။

"ဖြုတ် တပ် ဆယ့်ငါးမိနစ်ပဲ ကြာမယ်။ ခင်ဗျားလည်း ငွေ ထောင့်ငါးရာ စီမယ်၊ စိတ်ချဗျာ၊ ပိုင်ရှင်မသိစေရဘူး" တဲ့။

ဒီတော့မှ ကျွန်တော့်ဇဝေဇဝါတွေ ရှင်းသွားပါတယ်။

ကျွန်တော့်ကို ကားပိုင်ရှင်လို့မထင်ဘဲ ကားမောင်းစားတဲ့လူလို့ ထင်တယ်နဲ့တူပါတယ်။ ရုတ်တရက်တော့ စိတ်ထဲ ထောင်းခနဲ ဖြစ်မိပါရဲ့၊ ပြီးမှ ချက်ချင်းပြန်စဉ်းစားမိတယ်။

ကျွန်တော်က အဝတ်အစားကို သိပ်ဂရုတစိုက်မရှိဘူး။ တန်ရုံသင့်ရုံ အဝတ်အစားတွေပဲ ဝတ်တယ်။ ရုပ်ရည်ကလည်း ခပ်ပိန်ပိန်၊ ခပ်မွဲမွဲ။

mgyoe.com

mgyoe.com


လက်ပတ်နာရီ မပတ်တာ အနှစ်သုံးဆယ်ကျော်ရှာမယ်။ ရွှေ၊ ငွေ၊ လက်ဝတ် ရတနာဆိုတာလည်း ဘယ်လိုမှ ဝါသနာပါလို့မရဘူး။ ဒီတော့ ရုတ်တရက် ကြည့်လိုက်ရင် မော်တော်ကားပိုင်တဲ့လူလို့ ထင်စရာ အကြောင်းမရှိဘူး။ နေ့စားနဲ့ မောင်းတဲ့လူလို့ပဲ ထင်နိုင်တယ်။

အဲသလိုထင်တာ သူတို့အပြစ်မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီလိုကိစ္စမျိုး တွေ အားပေးအားမြှောက်လုပ်တာတော့ မကောင်းဘူးလို့ ထင်ပါတယ်။

"ဒါ ငါ့ကားကွ၊ မင်းတို့ ဘာကောင်တွေလဲ"

ဘာညာပြောဖို့ စိတ်မကူးမိဘူး။ ကိုယ့်ဘာသာကိုယ်ပဲ ရယ်ချင်စိတ် ပေါက်နေတယ်။ ဒါကြောင့်

"မလဲပါဘူးဗျာ၊ အသစ်ပဲကောင်းပါတယ်"

လို့ သူတို့ကို ပြန်ပြောလိုက်တယ်။

ဒါတောင် သူတို့က

"ကျုပ်တို့ပေးတာ အများဆုံးဈေးပဲ ကိုယ့်လူ၊ ကိုယ်တို့ စားရလည်း ငါးရာလောက်ပဲ"

လို့ ဆက်ပြောနေသေးတယ်။

"မလဲပါဘူးဆိုနေမှဗျာ" လို့ လေသံနည်းနည်းမြှင့်လိုက်မှ အဲဒီလူတွေ ထွက်သွားကြတယ်။ ကျွန်တော့်ကို ကြည့်သွားပုံကတော့ တော်တော်တုံးတဲ့ ငနဲ၊ ဆယ့်ငါးမိနစ်အတွင်း ထောင့်ငါးရာရမယ့်ကိစ္စ မလုပ်ချင်ဘူး။ ဒီလို ရိုးသားနေမှတော့ ပြောင်ပြောင်ရောင်ရောင်ရှိမှာ မဟုတ်ဘူးဆိုတဲ့ အကြည့် မျိုးနဲ့ ကြည့်သွားကြတယ်။ လှောင်ပြုံးတွေလည်း ပြုံးသွားကြတယ်။

အဲဒီအချိန်လောက်မှာပဲ ကျွန်တော့်အစ်ကိုတော် ပြန်လာတယ်၊ သူ ကားပေါ်တက်ပြီးတော့ ကျွန်တော် မောင်းထွက်ခဲ့တယ်။

"ခုနကောင်တွေ ဘာလာပြောတာလဲကွ" လို့ သူက မေးတယ်။

"ကားတာယာ ကွန်ပေါင်းနဲ့လဲမလား လာမေးတာ"အစချီပြီး "ပိုင်ရှင် မသိစေရပါဘူး" အထိ ပြောပြလိုက်တယ်။ ပြီးတော့ ကျွန်တော် ရယ်တယ်။

ရယ်မယ့်သာ ရယ်တာပါ။ စိတ်ထဲမှာတော့ မကောင်းဖြစ်မိတယ်။ လူတော်တော်များများရဲ့ အကျင့်စာရိတ္တတွေ ဘယ်လိုဖြစ်ကုန်ကြပြီလဲ။

ခုတွင်ကဖြစ်ခဲ့တဲ့ကိစ္စမှာ ကျွန်တော် ဘုရားပေါ်က ဆင်းလာခါစ

mgyoe.com

mgyoe.com


စိတ်ကြည်လင်နေတဲ့အချိန်၊ ဒေါသစိတ် နည်းပါးနေတဲ့အချိန်မို့ပေါ့။ စိတ်ဆိုးနေတဲ့အချိန်၊ တစ်ခုခု ပြဿနာဖြစ်နေတဲ့အချိန်မျိုးဆိုရင် "မင်းတို့ ငါ့ကို ဘာထင်လို့လဲ" ဘာညာနဲ့ စကားများ ရန်ဖြစ်၊ အချင်းများနိုင်ပါတယ်။

စိတ်မကောင်းဖြစ်မိတဲ့အချက်ကတော့ မဟုတ်မမှန် မတော်မတရားနဲ့ ကိုယ်ကျိုးစီးပွားရှာချင်တဲ့စိတ်တွေ များများလာတာကိုပါပဲ။ ကားပစ္စည်း အရောင်းအဝယ်မှ မဟုတ်ပါဘူး။ တခြားစီးပွားရေးလုပ်ငန်းတွေမှာလည်း ကိုယ်ကျိုးတစ်ခုတည်း ကြည့်တာတွေ ရှိပါတယ်။

မိမိရသင့်ရထိုက်တာကို ရိုးရိုးဖြောင့်ဖြောင့် ရှာဖွေလို့မရနိုင်တော့ဘူးလား။ ကောက်ကျစ်မှု၊ လိမ်ညာမှု၊ လည်ရင် လည်သလို၊ လစ်ရင် လစ်သလို ကိုယ်ကျိုးစီးပွားပဲ အဓိကထား လုပ်မှရတော့မှာလား။

အဲသလိုစိတ်ထားမျိုး လူများစုမှာ လွှမ်းမိုးလာရင် ခက်ရချည်ရဲ့။

စေတီတော်တစ်ဆူကို လူသုံးယောက် ဖူးသလိုပေါ့။

တစ်ယောက်က တရားတော်ဆိုတဲ့ အနှစ်သာရကို ရှာဖွေခံယူတယ်။ နောက်တစ်ယောက်က သီလမြဲမြဲဖို့ ကြိုးစားတယ်။

နောက်ဆုံးတစ်ယောက်ကတော့ ရွှေခွာဖို့ စိတ်ကူးတယ်။

လက်ငင်းပိုက်ဆံရဖို့သာ အဓိက၊ နောက်နောင် ဘာဖြစ်ဖြစ်ဆိုတဲ့ လူစားမျိုးတွေဟာ နောက်ဆုံး ဘုရားဖူးတစ်ယောက်လိုပါပဲ။ ရွှေခွာဖို့ပဲ စိတ်ကူးနေကြဟန် တူပါရဲ့။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ရွှေခွာချင်တဲ့လူမျိုးတွေကို မကြာမကြာ တွေ့နေရပါတယ်။ အဲသလိုလူမျိုးတွေ ငွေကြေးအဆင်ပြေရင်လည်း ခဏပဲ ဆိုတာ မြင်နေရပါတယ်။

လည်သူ စားစတမ်းဆိုတဲ့ သီဝရီကြီးကို ကျွန်တော် မယုံကြည်ပါဘူး။ အဲဒီ သီဝရီကြီးဟာ ကောင်းလည်း မကောင်းပါဘူး။

သူ့အကျိုးလည်း မယုတ်စေနဲ့၊ ကိုယ့်အကျိုးလည်း ဖြစ်ထွန်းစေဆိုတဲ့ စိတ်ထားမျိုး ရှိသင့်ပါတယ်။ သူ့အကျိုးလည်းဖြစ်စေ၊ ကိုယ့်အကျိုးလည်း ဖြစ်စေ ဆိုရင်တော့ ပိုကောင်းတာပေါ့။

အနည်းဆုံးတော့ ဘာအလုပ်ပဲလုပ်လုပ်၊ ဆိုင်ရာဆိုင်ရာ ကိုယ်ကျင့်သီလတွေ စောင့်ထိန်းသင့်ပါတယ်။ အကျင့်သီလပျက်စေမယ့် ကိစ္စတွေ

mgyoe.com

mgyoe.com



ကိုလည်း အားပေးအားမြှောက် မပြုသင့်ပါဘူး။ ဒါမှ အများစု အဆင်ပြေကြမှာပါ။ ရွှေခွာဖို့ပဲ စဉ်းစားနေကြမယ်ဆိုရင်တော့ အဘက်ဘက်က ယိုယွင်းပျက်စီးကြမှာ မုချပါပဲ။

မြင်သာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၀

❖

mgyoe.com

mgyoe.com

# လူကောင်းသူကောင်းတွေ

လွန်ခဲ့တဲ့ ၁၉၉၉ ခုနှစ်တုန်းက ကျွန်တော် မန္တလေးကို ကိစ္စတစ်ခုနဲ့ သွားရပါတယ်။ ကိုယ့်ကားနဲ့ ကိုယ်သွားတာဆိုတော့ ရပ်ချင်တဲ့နေရာရပ်၊ စားချင်တာလေးစား၊ အေးအေးလူလူ သွားလို့ရပါတယ်။ လမ်းတစ်လျှောက်မှာ အေးမြသာယာတဲ့ ရှုခင်းတွေကလည်း စိတ်ကို ကြည်နူးစေပါတယ်။ မန္တလေး ရောက်တော့ မြို့ပြမှာမတည်းဘဲ တောင်သမန်အင်းစောင်းမှာရှိတဲ့ ဆရာတော် ဦးပညာသာမိ (ကိုပညာ–အမရပူရ)ရဲ့ ကျောင်းမှာ တည်းပါတယ်။ ဆရာတော်နဲ့ စာစကား၊ ပေစကားတွေ ပြောရတာလည်း ပီတိဖြစ်စရာပါပဲ။ ပြီးတော့ မန္တလေးက ကာတွန်းကံချွန်တို့ ဗိုလ်မောင်တို့တစ်တွေနဲ့ အင်းစောင်း အကြော်ဆိုင်မှာထိုင်ပြီး လေပစ်ရတာလည်း ပျော်စရာကြီးပါ။ တောင်မြို့ကို ရောက်ရင် တွေ့နေကျဖြစ်တဲ့ ကဗျာဆရာ နီမောင်ကို သတိရလှပါတယ်။ ကိုနီမောင်ဟာ တစ်နှစ်က ကွယ်လွန်သွားရှာပြီမို့ သူ့ကို လွမ်းရပါသေးတော့။ ကိုနီမောင်ဟာ အလွန်သဘောကောင်းသူပါ။ ကဗျာဆရာဆိုတာ ပြတ်တစ်ခါလှည့် လပ်တစ်လှည့်ပါ။ သူ့ဇနီးက ဈေးရောင်းတယ်။ ကိုနီမောင်လည်း ဈေးကူရောင်းတယ်။ ကဗျာရေးတယ်။ ဒီကြားထဲ ကျွန်တော်တို့ ရောက်သွားရင် သူ့ဆိုင်ကို ပစ်ပြီး ကျွန်တော်တို့နဲ့ လိုက်လေ့ရှိတယ်။ ကူညီစရာရှိရင်

mgyoe.com

mgyoe.com


ထမင်းချက်ကျွေးတဲ့အထိ ကူညီတယ်။ ဆရာတော် ဦးပညာရဲ့ တပည့်တွေကလည်း အလွန်သဘောသကာယ ပြည့်ဝကြတာပါပဲ။

ကျွန်တော့်အလုပ်ကိစ္စကို မာလာမြင့်ရှပ်ရှင်က အဘ ဦးစိုးမောင်နဲ့ ကိုမျိုးသိန်းတို့ သားအဖက ကူညီကြတယ်။

အလုပ်ကိစ္စပြီးတော့ ကျွန်တော်တို့ ပြန်လာကြတယ်။ မိတ္ထီလာနားက 'ကနောင်' ရွာမှာ ခဏနားတယ်။

ကနောင်မင်းသားကြီး အပိုင်စားရခဲ့တဲ့နယ်လို့ ထင်ပါတယ်။ ရတနာပုံခေတ်ကတော့ ကနောင်မြို့ ဖြစ်ပါလိမ့်မယ်။ ခုတော့ ရွာတစ်ရွာ ဖြစ်နေရပါပြီ။ ကနောင်ရောက်တော့ မှောင်နေပြီ။

ကနောင်မှာ နှမ်းဆီစစ်စစ်ရလို့ ဆေးဖက်ဝင်တယ်ဆိုပြီး ကျွန်တော့်ဇနီးက ဝယ်တယ်။ နှမ်းဆီကို ပုံးထဲထည့်၊ လမ်းမှာ မဖိတ်အောင် အဖုံးကို ဂဟေဆော်လုပ်နေလို့ ခဏစောင့်နေရတယ်။ အဲဒီအချိန်မှာ ကားဘောနက်ပေါ် ပက်လက်လှန်ပြီး ကောင်းကင်ကြီးကို ကြည့်နေမိတယ်။ လဆုတ်ရက်မို့ ကြယ်တွေဟာ လက်နဲ့ဆုပ်ပက်ထားသလို နေရာအနှံ့ တလက်လက် ပြန့်နေလေရဲ့။ ကြည်နူးစရာကောင်းပါဘိ။

ကျွန်တော့်ကားကို မောင်းပေးတဲ့ မောင်ကျော်ထူးရဲ့ ဆွေမျိုးတွေက ကနောင်မှာနေတယ်။ သူတို့တစ်တွေကလည်း ဧည့်ဝတ်ကျေလွန်းလှတယ်။

ရန်ကုန်မြို့ကြီးမှာနေပြီး နေ့စဉ်နဲ့အမျှ ဆူညံသံတွေ၊ လှုပ်ရှားပြေးလွှားမှုတွေ၊ သောကတွေ၊ ဒေါသတွေနဲ့ လုံးထွေးရစ်ပတ်နေခဲ့ရတဲ့ ကျွန်တော်ဟာ ကနောင်ရွာရဲ့ ဆိတ်ငြိမ်အေးချမ်းမှုကို နှစ်ခြိုက်လှပါတယ်။ ဒါပေမဲ့ ကနောင်မှာ အမြဲနေမလားဆိုရင်တော့ ခေါင်းခါရမှာပဲ။ မြို့တော်ကြီးရဲ့ ပဥ္စလက်နဲ့ ဖမ်းစားမှုကို ကျွန်တော် ခံနေရပါပြီ။ ရုန်းထွက်ဖို့ မလွယ်တော့ပါဘူး။ ဦးပုညရေးခဲ့တဲ့ 'သံသရာဝဋ်ထဲ၊ မကျွတ်ပဲနေနေ၊ ဖွတ်ဆွဲလို့ တပေပေငယ်၊ သေပစေ ခင်ရဲ့' ဆိုသလို မြို့တော်ကြီးမှာ တပေပေကပ်နေမိတော့မှာပါပဲ။

ကနောင်က ထွက်လာပြီးတဲ့နောက် ကျွန်တော် အိပ်ပျော်သွားပါတယ်။ ကားကို ရုတ်တရက် ရပ်လိုက်တာ သတိထားမိမှ နိုးလာတယ်။ ပျဉ်းမနားတောင်ကြားကို ရောက်နေပြီ။ ဘာဖြစ်လို့လဲမေးတော့ ကားဘီးပေါက်လို့တဲ့။

mgyoe.com

mgyoe.com

ခရီးထွက်ခါနီးက ဘီးအသစ်တွေ လဲခဲ့ပါတယ်။ ဒါပေမဲ့ ကားဘီးဆိုတာ အကြောင်းတိုက်ဆိုင်ရင် သစ်လည်း ပေါက်တတ်တာပါပဲ။

မောင်ကျော်ထူးနဲ့ ကျွန်တော်တို့ ကားစပယ်ယာဘီး လဲတပ်ကြတယ်။ အဲဒီအချိန်မှာ တရွေ့ရွေ့ တအိအိ မောင်းတက်လာတဲ့ ကုန်တင်ကားကြီး တစ်စီးက ကျွန်တော်တို့နားမှာ ရပ်တယ်။ "ဘာအကူအညီလိုသလဲ" လို့ ကားဆရာက မေးတယ်။ အဝေးပြေးလမ်းမကြီးတွေမှာ အဲဒီကုန်တင်ကားကြီး တွေမောင်းတဲ့ ပုဂ္ဂိုလ်တော်တော်များများဟာ သဘောကောင်းတဲ့လူတွေပါ။ ကျွန်တော် ကြုံဖူးပေါင်းများပါပြီ။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကားဘီး လဲလို့ရပါပြီ"

ကားဆရာက နှုတ်ဆက်ပြီးဆက်ထွက်သွားပါတယ်။ ကားဘီးလဲပြီး နောက် မောင်ကျော်ထူး ခဏနားရအောင် ကျွန်တော် ကားကို ဆက်မောင်းခဲ့ တယ်။ ခုနကုန်တင်ကားကို ကျော်တက်ခဲ့တယ်။ ပျဉ်းမနားမှာ ဘီးဖာဖို့ စိတ်စောနေတာနဲ့ ကားအမြန်နှုန်းကို မြှင့်မောင်းမိတယ်။ စပယ်ယာ ဘီးဆိုတာ ဘီးအသစ်လောက် မကောင်းဘူးဆိုတာ သတိလစ်သွားတယ်။ လမ်းဘေး ကျောက်ခဲတစ်လုံးကို တက်နင်းမိပြီး စပယ်ယာဘီး ထပ်ပေါက် ပြန်ပါရော။

ဒီတစ်ခါတော့ ဘီးလဲဖို့ အပိုမပါတော့ဘူး။ ဒီတစ်ခါမှာလည်း ခုန ကုန်တင်ကားဆရာက မီလာတော့

"ဘာဖြစ်ပြန်လဲ" လို့ ကားရပ်ပြီး မေးပါတယ်။

"ဘီး ထပ်ပေါက်လို့ဗျာ"

ကားဆရာက

"ဒါဆို တစ်ယောက်လိုက်ခဲ့ဗျာ၊ ပျဉ်းမနားမှာ ဘီးဖာပြီး ကားကြုံနဲ့ ပြန်လာပေါ့"

"ကျေးဇူးတင်ပါတယ်ဗျာ"

မောင်ကျော်ထူး ကုန်တင်ကားပေါ် 'ဘီး'မ တင်ပြီး လိုက်သွားတယ်။

ပျဉ်းမနားတောင်ကြားဆိုတာ တစ်ခါက နာမည်ကြီး။ ပျဉ်းမနား တောင်ကြားမှာ ရွာကျဲတယ်။ မသူတော်တွေ ရှိနိုင်တယ်ဆိုတဲ့ စိုးရိမ်စိတ် ဝင်လာပါတယ်။
mgyoe.com

mgyoe.com


ကျွန်တော်တို့လည်း ကားတံခါးတွေပိတ်ပြီး အထဲမှာ မှေးနေလိုက်တယ်။ နည်းနည်းကြာတော့ လှောင်လာတယ်။ လေအေးစက်ဖွင့်တော့လည်း ချမ်းတယ်။ ပြီးတော့ ကျွန်တော်က လေအေးစက် သိပ်မကြိုက်ဘူး။ ခေါင်းကိုက်တတ်တယ်။

ဒါနဲ့ ကျွန်တော်တို့ တံခါးနည်းနည်း ဟထားလိုက်တယ်။ နောက်တော့ မထူးပါဘူး၊ ခုကာလက ဟိုးအရင်တုန်းကလို လုံခြုံမှုမရှိတဲ့ကာလမှ မဟုတ်တာဲ။ လူဆိုးသူခိုးတွေ ခေါင်းထောင်နေတဲ့အချိန်မှ မဟုတ်တာဲဆိုပြီး ကားပေါ်က ဆင်း၊ အညောင်းပြေ လမ်းလျှောက်နေလိုက်တယ်။

ခဏကြာတော့ အနီးအနား တဲတစ်လုံးက မီးရောင်လက်လာတယ်။ အတူပါလာတဲ့ ကျွန်တော့်အစ်ကိုက အဲဒီတဲဘက် သွားတယ်။ တဲရှင်က တစ်ရေးနိုးတုန်း ကျွန်တော်တို့ကိုတွေ့လို့ ဘာများဖြစ်ကြပါလိမ့်လို့ ထကြည့်တာတဲ့။ ပြီးတော့ တဲရှင်ကြီးက ထန်းပက်ကုလားထိုင် ချပေးတယ်။ ထန်းလျက်ကျွေးတယ်။ ကဲ ဘယ်မှာလဲ စိုးရိမ်စရာ။ ညဥ့်သန်းခေါင် ကြယ်ရောင်တွေအောက်မှာ ပက်လက်ကုလားထိုင်နဲ့၊ ထန်းလျက်နဲ့ ဟန်ကို ကျလို့။

ကျွန်တော် စဉ်းစားကြည့်တယ်။ ကျေးလက်တောရွာတွေမှာ ဆိုးတဲ့လူတွေ ရှိနိုင်ပါတယ်။ဒါပေမဲ့ လူရိုးလူဖြောင့်တွေပိုများတယ်။ကျွန်တော်တို့ရန်ကုန်မြို့ကြီးမှာ ခါးပိုက်နှိုက်၊ သူခိုး စတာတွေကို ရဲတွေက မှတ်တမ်းနဲ့ထားသတဲ့။

အဲဒီ လူဆိုး သူခိုး ဆိုတာတွေကို ရဲတပ်ဖွဲ့ကြောင့် သိသာနိုင်ပေမဲ့ လိမ်ညာလှည့်ဖျားပြီး ခုတ်ထစ်ဖြတ်လှီးလုပ်နေကြတဲ့ စီးပွားရေး သောင်းကျန်းသူ အသေးစား။ အကြီးစားတွေကျတော့ မမြင်သာဘူး။ တစ်ကိုယ်ကောင်းသမားတွေဟာ လူများစုကိုဖြစ်ဖြစ်၊ လူနည်းစုကိုဖြစ်ဖြစ် လှီးဖို့၊ ခုတ်ဖို့၊ ထစ်ဖို့၊ ဝန်မလေးကြဘူး။

ပျဉ်းမနားတောင်ကြားက ခုအချိန်မှာ အေးချမ်းသာယာနေပါပြီ။ ရန်ကုန်မြို့တော်ကြီးဟာ တစ်ချိန်က နာမည်ကြီးခဲ့တဲ့ ပျဉ်းမနားတောင်ကြားထက်ပိုပြီး စိုးထိတ်စရာ မကောင်းပေဘူးလား။ ဘယ်အချိန်၊ ဘယ်လူလည်းက ကိုယ့်ကိုလာပြီး လှီးဖြတ် ခုတ်ထစ်သွားမယ် မသိရတဲ့နေရာကြီးပဲ။

ကျွန်တော် အတွေးကောင်းနေတုန်းမှာ ပျဉ်းမနားကို သွားပြီး ဘီး

mgyoe.com

mgyoe.com

ဖာတဲ့ မောင်ကျော်ထူး ပြန်ရောက်လာပါတယ်။ ကုန်တင်ယာဉ် ကားဆရာက ဘီးဖာတဲ့ဆိုင်ကို နှိုးပေးသတဲ့။ ပြီးတော့ ပြန်လိုက်လာဖို့ တခြား ကုန်တင် ကားတစ်စီးကိုလည်း ပြောပေးသတဲ့။ အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံး အကူအညီပေးလိုက်တာပါပဲ။ အဲဒီအတွက် ဘာတစ်ပြားတစ်ချပ်မှ မယူ ပါဘူး။ ခရီးသွားချင်း ကူညီနေကျလို့ ဆိုပါတယ်။

ရန်ကုန်မြို့တော်ကြီးမှာ လောဘ၊ ဒေါသ၊ မာနတွေနဲ့ လူတွေကို တွေ့ရဖန်များလို့ စိတ်ပျက်နေတဲ့ ကျွန်တော်ဟာ အဲဒီခရီးမှာ လူကောင်း သူကောင်းတွေနဲ့ တွေ့ခဲ့ရလို့ လောကမှာ အဆိုးတွေရှိသလို အကောင်း တွေလည်း ရှိပါသေးလားလို့ ကျေနပ်မိပါတယ်။ လူကောင်းသူကောင်းတွေ များသည်ထက် များလာပါစေဆိုတဲ့ဆန္ဒ ဖြစ်လာပါတယ်။ အေးလေ၊ ကိုယ် ကိုယ်တိုင်ကစပြီး စိတ်ကောင်းထားဖို့ ပိုအရေးကြီးပါတယ်။

ရွှေမြင်သာဂျာနယ်၊ အတွဲ ၁၊ အမှတ် ၂

❖

mgyoe.com

mgyoe.com

## စိတ်ရှင်းခြင်း

လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်လောက်တုန်းက ကျွန်တော့်သမီး ကျန်းမာရေး ဆေးစစ်ဖို့အတွက် ရန်ကုန်ဆေးရုံကြီးကို သွားရတယ်။ အဲဒီဌာနမှာ ညီမတော် တစ်ယောက်ရှိလို့ သူ့ဆီမှာ အကူအညီတောင်းပါတယ်။ သူက ရက်ချိန်း ပေးပြီး အဲဒီနေ့ နံနက် ၈ နာရီ အရောက်လာခဲ့ပါလို့ ဆိုပါတယ်။

ဒါနဲ့ ကျွန်တော်တို့သားအဖလည်း ချိန်းတဲ့ရက် မနက်ခုနစ်နာရီခွဲ သာသာမှာ အိမ်က ထွက်ခဲ့ပါတယ်။ ကျွန်တော့်အိမ်ကနေ ရန်ကုန်ဆေးရုံ ကြီးကို မောင်းရလှ နာရီဝက်ပဲလို့ တွက်ထားပါတယ်။ ဒါပေမဲ့ ကျွန်တော် ထည့်မစဉ်းစားမိတဲ့အချက်က အဲဒီလို နံနက်ပိုင်း ရှစ်နာရီနဲ့ ကိုးနာရီဝန်းကျင် ဟာ ရုံးတက်၊ ကျောင်းတက်အချိန်မို့ ကားတွေတန်းစီပြီး ယာဉ်ကြော ပိတ်နေ တတ်တယ်ဆိုတဲ့ အချက်ပါပဲ။

အိမ်က စထွက်ကတည်းက ယာဉ်တန်းက ကျပ်နေပါပြီ။ တဖြည်းဖြည်း ကျပ်သထက် ကျပ်လာလိုက်တာ၊ မီးပွိုင့်တစ်ခုကို အနည်းဆုံး နှစ်ခါပြန် စိမ်းအောင် စောင့်ရတဲ့အထိပါပဲ။

ရန်ကုန်မြို့ကြီးမှာ ကားတွေ ဒီလောက်များပြားနေတာ ဝမ်းသာ စရာလား၊ အံ့သြစရာလား၊ စိတ်ညစ်စရာလား တွေးမရအောင်ပါပဲ။

mgyoe.com

mgyoe.com


ဒီလိုနဲ့ နာရီဝက်အများဆုံး မောင်းရမယ့်ခရီးကို တစ်နာရီခွဲလောက် မောင်းလိုက်ရတယ်။

ဆေးရုံကြီးရောက်တော့ နံနက်ကိုးနာရီကျော်လောက် ရှိပါပြီ။ ညီမက ဆီးပြီး ငေါက်ပါတော့တယ်။ အချိန်မလေးစားဘူး၊ ရုပ်ရှင်ရိုက်သလို မင်းသား စောင့်၊ မင်းသမီးစောင့်ပြီး အလုပ်လုပ်နေရတာ မဟုတ်ဘူး။ စာရေးသလို စိတ်ကူးရမှ ရေးမယ်ဆိုလို့ မဖြစ်ဘူး။ ဒါ အများနဲ့ ဆက်ဆံနေရတာ၊ ဘာညာနဲ့ တော်တော်ကလေး ဆူပွက်လိုက်ပါတယ်။ သူကိုယ်တိုင် မနက် အစောကြီးရောက်အောင်လာ၊ ထုံးစံအတိုင်း တိုကင်ယူထား၊ စာအုပ်ထပ်ထား လုပ်ခဲ့ရလို့ ဒေါပွနေပုံရပါတယ်။ ကျွန်တော်လည်း ယာဉ်ကြောတွေ ပိတ်နေ လို့ပါ စတဲ့အကြောင်းပြချက်တွေနဲ့ တောင်းပန်ရပါတယ်။

ဆူမယ့်ဆူသော်လည်း ကျွန်တော့်ညီမတော်က သူ့တူမလေးကို ခေါ်သွားပြီး လိုအပ်တဲ့ဆေးစစ်ချက်တွေ လုပ်ပေးပါတယ်။

အဲဒီအချိန်မှာ မနက်စောစောကတည်းက လာပြီးတန်းစီစောင့်နေတဲ့ လူနာအုပ်စုကို ဖြတ်ကျော်ရပါတယ်။ တိုကင်ယူ၊ စာအုပ်ထပ်ထားတာ မှန်ပေမဲ့ နောက်ကျပြီးမှ ရောက်လာတဲ့လူကို ဆေးစစ်ခန်းထဲ စောပြီး ဝင်စေတာကို အဲဒီလူနာအများစု ကျေနပ်နိုင်မှာမဟုတ်ပါဘူး။ ကျွန်တော် တော့ အဲဒီလူနာတွေရှေ့ ဖြတ်လျှောက်တဲ့အခါ သူတို့ကိုမကြည့်ရဲလို့ ခေါင်းငုံ့ လျှောက်လိုက်ပါတယ်။ သမီးလည်း ကျွန်တော့်အတိုင်းပါပဲ။ "ကြည့်တောင် မကြည့်ရဲဘူး"လို့ ပြောပါတယ်။ ဒါပေမဲ့ သမီးလည်း သူ့အလုပ်ကို အချိန်မီ သွားရမှာမို့ တခြားလူတွေကို အားနာမနေနိုင်တော့ပါဘူး။ တကယ်တော့ လူတိုင်း ကိုယ့်ကိစ္စနဲ့ကိုယ် ရှိနေကြတာပါပဲ။ သူတို့လည်း အလှည့်ကျ ခပ်မြန်မြန် ဆေးစစ်ချင်ကြမှာ သိပ်သေချာပါတယ်။ သမီးကို ဆရာဝန်ကြီးက စမ်းသပ်ပြီး ရက်ချိန်းပေးလိုက်ပါတယ်။

ကျွန်တော်တို့ ပြန်လာကြပါတယ်။

နံနက်ပိုင်းရုံးချိန်ဖြစ်တဲ့အတွက် ကားတွေကတော့ ကျပ်တောက်ဆဲ ပါပဲ။ ယာဉ်ကြောကလည်း တရွေ့ရွေ့ပါပဲ။

ကျွန်တော်လည်း အလျင်လို လမ်းအိုလိုက် ဆိုတဲ့ စကားအတိုင်း ယာဉ်ကြော အမှန်အတိုင်းယူပြီး မောင်းခဲ့ပါတယ်။ သမီးက သူ့အလုပ်ကို

mgyoe.com

mgyoe.com


အချိန်မီရောက်ဖို့လိုတယ်မဟုတ်လား။ ဒါကြောင့် စိတ်တော့ စောနေပါတယ်။

အဲသလို ကျွန်တော်က ယာဉ်ကြောအမှန်အတိုင်း မောင်းနေတဲ့ အချိန်မှာ လိုင်းကားတစ်စီးဟာ ဟွန်းတတီတီတီးပြီး ကျော်တက်လာပါတယ်။ ကျွန်တော့်ကားနဲ့ ဘေးချင်းလည်းယှဉ်မိရော စပယ်ယာက အတင်းလက်ပြပြီး ကျွန်တော့်ကားရှေ့ကို ဖြတ်ကွေ့ပါလေရော။ ဘရိတ်မကောင်းတဲ့ကားဆိုရင် မလွယ်ပါဘူး။ အဲဒီယာဉ်ငယ် လိုင်းကားနောက်မှာ တွယ်စီးလိုက်နေကြတဲ့ ခရီးသည် မနည်းပါဘူး။

လိုင်းကားဟာ ကျွန်တော့်ကားကို အတင်းဖြတ်ကျော်တက်ပြီး နောက်ယာဉ်ကြောတစ်ခုကို ထပ်ဖြတ်ပါတယ်။ မြွေလိမ်မြွေကောက် ဖြတ်ကျော်တက်ပြီး မီးပွိုင့်အမီ မောင်းသွားပါတယ်။

နောက် တက္ကစီကားတစ်စီးကလည်း ကျွန်တော့်ကားရှေ့ ခေါင်းထိုးလာပြီး ဖြတ်ပါရစေလို့ လက်ဟန်နဲ့ပြပြီး အတင်းဖြတ်ကျော်ထွက်ပြန်ပါတယ်။ ကျွန်တော် 'တက်' ခေါက်မိပါတော့တယ်။ ဒေါသဖြစ်သွားတယ်ဆိုပါတော့။ ပြီးမှ ချက်ချင်းပဲ စိတ်ဖြေလိုက်ရပါတယ်။ ကားမောင်းရင် ဒေါသမကြီးရဘူးဆိုတဲ့အသိက ဖျတ်ခနဲဝင်လာလို့ပါ။ တကယ်တော့ ဘယ်နေရာ ဖြစ်ဖြစ်၊ ဘာကြောင့်ဖြစ်ဖြစ် ဒေါသမကြီးတာ ကောင်းပါတယ်။

တစ်ဆက်တည်း ဆက်ပြီးစဉ်းစားမိပါတယ်။ကိုယ့်ကားရှေ့က တခြားကားက ဖြတ်ကျော်ပြီး မောင်းသွားတာဟာ စက္ကန့်ပိုင်းလောက်ပဲ ဖြစ်ပါလိမ့်မယ်။ (ယာဉ်စည်းကမ်းလိုက်နာကြဖို့ ကောင်းတာတော့ အမှန်ပေါ့။) သို့သော် ဆေးရုံမှာတုန်းက တန်းစီနေတဲ့လူနာတွေကို ကျွန်တော်တို့က ကျော်ပြီး သမီးကို အရင်ဆေးစစ်ခဲ့တဲ့အတွက် အဲဒီတန်းစီစောင့်နေတဲ့ လူနာတွေရဲ့စိတ်ထဲ ဘယ်လိုနေမလဲ။ လူနာဆိုတာ မကျန်းမာလို့ပဲ။ နည်းနည်းမကျန်းမာတာနဲ့ များများ မကျန်းမာတာပဲ ကွာမယ်။ မကျန်းမာတဲ့အချိန်မှာ စိတ်ညစ်နေမှာကတော့ သေချာတယ်။

ကိုယ့်ကားကို ဖြတ်ကျော်တက်တာလေးတောင်မှ ဂိုက်အနှောင့်အယှက်ဖြစ်တယ်ဆိုရင် လူနာဖြစ်နေရတဲ့သူတွေကို ဖြတ်ကျော်တာ ဘယ်လောက်စိတ်အနှောင့်အယှက်ဖြစ်မလဲ။ ကိုယ်ချင်းစာကြည့်ရှုပါပေါ့။

mgyoe.com

mgyoe.com

နောက်တစ်ခေါက် ရက်ချိန်းမှာတော့ မနက်အစောကြီးထပြီး ဆေးရုံကိုသွားခဲ့ပါတယ်။ ဒါတောင် ကိုယ့်ထက်စောတဲ့လူတွေ ရှိနေသေးရဲ့။ တိုကင်ကြိုယူထားတဲ့အတွက် ပြဿနာ သိပ်မရှိတော့ပါဘူး။ အပြန်လမ်းမှာတော့ ယာဉ်တန်းကို ကြားဖြတ်ဝင်ဖို့ခက်နေတဲ့ တက္ကစီဆရာတစ်ယောက်ကို ကြည်ကြည်ဖြူဖြူပဲ လမ်းပေးလိုက်ပါတယ်။

မေလကုန်ပိုင်းမှာ သားအငယ်ကို ကျောင်းအပ်ရပါတယ်။ ဆရာမတစ်ယောက်က ရပ်ဆွေရပ်မျိုးဖြစ်နေလို့ "ဘာအကူအညီလိုသလဲ"လို့ လာမေးပါတယ်။

"ကျွန်တော် စောင့်ပါ့မယ်၊ အလှည့်ကျမှ ကျောင်းအပ်တာပေါ့" လို့ ပြန်ပြောလိုက်ပါတယ်။ လျှောက်လွှာအထပ်လိုက်ကြီးကို တကုပ်ကုပ်နဲ့ စိစစ်ရင်း ကျောင်းလက်ခံနေတဲ့ ဆရာမကိုကြည့်ရင်း သူ့အစား မောနေမိပါသေးတယ်။ ကျွန်တော်လည်း စာရွက်တစ်ရွက်ထုတ်ပြီး တောင်ခြစ်မြောက်ခြစ်လုပ်ရင်း စောင့်နေလိုက်ပါတယ်။ တော်တော်လေးကြာပြီးတော့ အလှည့်ကျတဲ့အခါမှာ ကျွန်တော့်သား ကျောင်းအပ်တဲ့ကိစ္စ ပြီးသွားပါတယ်။ သားအဖနှစ်ယောက် စိတ်လက်ပေါ့ပါးစွာနဲ့ ကျောင်းဝင်းထဲက ပြန်ထွက်ခဲ့ပါတယ်။ ရသင့်ရထိုက်တဲ့ အခွင့်အရေးထက် ပိုမယူရင် စိတ်ရှင်းပါတယ်။

လယ်ယာစီးပွားဂျာနယ်၊ အမှတ် ၂

❖

mgyoe.com

mgyoe.com

## ကံစမ်းမှာလား ဉာဏ်စမ်းမှာလား

ကျွန်တော့်ဇနီးက အိမ်ဆိုင်ကလေး ဖွင့်ထားပါတယ်။

ကျွန်တော့်အနုပညာလုပ်ငန်းက ပုံမှန်ဝင်ငွေရယ်လို့မရှိပါဘူး။များများ ရချင်ရ၊ နည်းနည်းရချင်ရ၊ လုံးဝမရချင် မရ။ ဒါကြောင့် ကျွန်တော့်ဇနီးက မိသားစု ရှေ့ရေးစဉ်းစားပြီး ပုံမှန်ဈေးဖိုးကလေးရအောင် အိမ်ဆိုင်ကလေး ဖွင့်ထားတာပါ။

တစ်နေ့တော့ ကျွန်တော့်ဇနီးက အချိုရည်ပုလင်းဖုံးတွေကို သံစူး ကလေးနဲ့ကော်ပြီး ကံစမ်းမဲ ပါ၊ မပါ စစ်ဆေးနေလေရဲ့။

"သောက်တဲ့လူတွေကို ပုလင်းဖုံးပေးရမှာ မဟုတ်လား" လို့ မေးတော့ အများအားဖြင့် အဖုံးထဲက ကံစမ်းမဲကို ဂရုမစိုက်ပါဘူးတဲ့။ 'ဗလာ' တွေ များလို့တဲ့။ တခြားကံစမ်းမဲတွေကလည်း 'သိုင်းကျူး' တွေ များလို့တဲ့။ အားအားရှိ ကျေးဇူးပဲ လိုမ့်တင်နေတာကိုးတဲ့။

ဘာ့ကြောင့်များ ကံစမ်းမဲတွေ ဒီလောက် ထည့်နေကြတာလဲ။ စီးပွားရေး သိပ်မကျွမ်းကျင်လို့ ကျွန်တော် မစဉ်းစားတတ်ဘူး။ ဒါပေမဲ့ 'အချိုရည် ပုလင်းတွေ တစ်ပုလင်း နှစ်ကျပ် ဈေးတက်သွားပြီ' လို့ ကျွန်တော့်ဇနီးပြော တော့ ကျွန်တော် လူပြိန်းတွက်နည်းနဲ့ တွက်ကြည့်မိတယ်။

(အချိုရည်ပုလင်းကို နမူနာထားပြီး တွက်ကြည့်တာက ကံစမ်းမဲ

mgyoe.com

mgyoe.com


ကာလအစမှ ဈေးတက်ယူလိုက်တာကို မြင်ရ၊ သိရလို့ပါ။ တခြားကံစမ်းမဲတွေလည်း အတူတူနဲ့ အနှုန်းပါ။)

အချိုရည်ပုလင်းတွေ မြန်မာပြည် တစ်နံတစ်လျား ဖြန့်ချိရောင်းချနေတာ တစ်နေ့တစ်နေ့ ရောင်းရတဲ့ အချိုရည်ပုလင်း အရေအတွက်ဟာ သိန်းနဲ့သန်းနဲ့ ချီပြီး ရှိပါလိမ့်မယ်။ စာရင်းအတိအကျကတော့ ထုတ်လုပ်သူတွေဆီမှာ ရှိမှာပေါ့။ ကဲ တစ်နေ့ကို ပုလင်းတစ်သိန်းနဲ့ပဲ တွက်ကြည့်ရအောင်။ လူပြိန်းတွက်နည်းနော်။

တစ်ပုလင်း နှစ်ကျပ် (ဈေးတက်)၊

တစ်ရက် ပုလင်း တစ်သိန်း = ကျပ် နှစ်သိန်း။

တစ်လ (ရက်သုံးဆယ်) = ကျပ် သိန်းခြောက်ဆယ်။

တစ်နှစ်(ဆယ့်နှစ်လ) = (၆၀× ၁၂) = ၇၂၀။

ဟုတ်ကဲ့၊ မြန်မာပြည်အနှံ့ တစ်နေ့ ပုလင်းတစ်သိန်းနှုန်းနဲ့ပဲတွက်၊ တစ်နှစ်မှာ အသားတင်ပိုရလာမယ့် အမြတ်ဟာ ကျပ် သိန်းပေါင်း ခုနစ်ရာ့နှစ်ဆယ် ဖြစ်ပါတယ်။ ရှိရင်းစွဲအမြတ်တွေ မပါသေးပါဘူး။

(တစ်နေ့ကို ပုလင်းတစ်သိန်း မကနိုင်ပါဘူး။ မြန်မာပြည်အနှံ့ ရောင်းနေတာပဲ။)

အဲဒီလို ဈေးတက်ပြီး ကံစမ်းမဲဖွင့်တယ်ဆိုတာ စားသုံးသူ၊ ဒါမှမဟုတ် လက်လီဆိုင်ကလေးတွေဆီက တစ်ပုလင်းကို နှစ်ကျပ် ပိုယူပြီး အဲဒီငွေတွေနဲ့ပဲ ဆုမဲတွေ ပြန်ပေးတဲ့ သဘောလို့ထင်ပါတယ်။ လူပြိန်းတွက်နည်းနဲ့ တွက်ကြည့်တာပါ။ ဒီထက် လျှို့ဝှက်ဆန်းကြယ်တဲ့ နည်းစနစ်ဘာတွေ ရှိသလဲ မပြောတတ်ပါဘူး။ ကံစမ်းမဲဆိုတာ နားလှည့်ပါးလှည့်နဲ့ ဖွင့်တဲ့ ထီတစ်မျိုးပဲ။ ချဲဒိုင်ကိုင်ရင် ဥပဒေနဲ့ ငြိနိုင်တယ်။ ကံစမ်းမဲကတော့ ကြော်ငြာကြီးကြီးတောင် ထည့်လို့ရသေး။

အရှုံးခံပြီး ကံစမ်းမဲဖွင့်ပါတယ်ဆိုရင်လည်း ရေရှည်အမြတ်ကို တွက်ပြီးမှ လုပ်မှာပဲ။ ရှုံးသထက် ရှုံးမယ့်လုပ်ငန်း ဘယ်သူမှမလုပ်ပါဘူး။

('ကျောက်ခဲ ရေပေါ်နည်း' နဲ့ အရောင်းထိုင်းပစ္စည်းတွေကို ကံစမ်းမဲ ဖွင့်ရောင်းတာတွေလည်း ရှိပါတယ်။ တိုက်ခန်းတွေဈေးကျတဲ့အ[illegible] ကံစမ်းမဲနဲ့ရောင်းတဲ့ ကြော်ငြာတွေ ဖက်[illegible])

mgyoe.com

mgyoe.com


ကမ္ဘာပေါ်မှာ အမြတ်အများဆုံး စံချိန်တင်ထားတဲ့လုပ်ငန်းဟာ ကိုကာကိုလာအချိုရည်လုပ်ငန်း ခင်ဗျ။ ပြီးခဲ့တဲ့နှစ်က အမြတ်ဟာ ရာခိုင်နှုန်း ခြောက်ရာ (၆၀၀%) တဲ့ဗျို့။ ငွေတစ်ရာရင်းရင် ငွေခြောက်ရာ မြတ်တယ် ဆိုတဲ့ သဘောပဲ။ ကွန်ပျူတာသူဌေး 'ဘီလ်ဂိတ်' လည်း 'ကိုကာကိုလာ'ကို လိုက်မမီဘူးခင်ဗျ။ (စတော့ရှယ်ယာဈေးကွက်သတင်းမှာ ပါပါတယ်။)

အချိုရည်တွေတင်မကပါဘူး၊ ကျွန်တော်တို့နိုင်ငံမှာ ကံစမ်းမဲနဲ့ ရောင်းနေကြတဲ့ ကုန်ပစ္စည်းတွေကတော့ ပြောမဆုံးပေါင်၊ တောသုံးတောင်ပါပဲ။ ဇီး(ဆီး)ထုပ်ကနေ တိုက်ခန်း၊ လုံးချင်းအိမ်၊ မြေကွက်၊ ရွှေ၊ နောက်ဆုံး ထီလက်မှတ်အထိပါပဲ။ ကံစမ်းပါတယ်ဆိုတဲ့ ထီလက်မှတ်တောင် ထပ်ဆင့်ပြီး ကံစမ်းမဲပေးလိုက်ပါသေးတယ်။ မှတ်ကရော့ပဲ။

ကျွန်တော်ဟာ အဲဒီလုပ်ငန်းတွေ လုပ်နေတာ မဟုတ်တဲ့အတွက် ပြိုင်ဘက်လို သဘောထားပြီး သူတို့အကျိုးယုတ်လျော့အောင် ရေးစရာမလို ပါဘူး။ တကယ်လို့ အဲဒီလုပ်ငန်းရှင်တွေ အကျိုးထိခိုက်သွားရင် ကျွန်တော့် ဇနီးရဲ့အိမ်ဆိုင်ကလေးလည်း လာထိခိုက်မှာပါ။ သူ့ဆိုင်ကလေးမှာ ကံစမ်းမဲ မပါတဲ့ပစ္စည်း မရှိသလောက်ပဲ။

ကျွန်တော်ကတော့ ကျွန်တော်အပါအဝင်ဖြစ်တဲ့ လူအများစုကြီး စဉ်းစားစေချင်လို့ ရေးတာပါ။

ဈေးကွက်စီးပွားရေးဆိုတာ ကြီးနိုင်ငယ်ညှဉ်း၊ လည်သူ စားစတမ်း စနစ် သဘောတရား မဟုတ်ပါဘူး။ ကြီးနိုင်ငယ်ညှဉ်း လည်သူ စားစတမ်း ဥပဒေသဟာ တိရစ္ဆာန်လောကရဲ့ ဥပဒေသပါ။

ဈေးကွက်စီးပွားရေးပဲခေါ်ခေါ်၊ ဘာပဲခေါ်ခေါ်၊ စီးပွားရေးလုပ်ငန်းရှင်၊ ထုတ်လုပ်သူ၊ ဖြန့်ချိသူ၊ အကျိုးဆောင်သူတွေဟာ စားသုံးသူတွေရဲ့အကျိုးကို အဓိကထားပြီး ကိုယ့်ကုန်ပစ္စည်း ကောင်းသထက် ကောင်းအောင်၊ စားသုံးသူ အကျိုးရှိသထက် ရှိအောင် လုပ်ရပါလိမ့်မယ်။ ကိုယ့်ကုန်ပစ္စည်းကကောင်းလို့ ရောင်းကောင်းတဲ့အပေါ်မှာ ထိုက်သင့်တဲ့ အကျိုးအမြတ်ကိုပဲ ယူရမှာပါ။ မသိနားမလည်သူတွေအပေါ် လှည့်ဖျားပြီး အမြတ်စားဖို့ မဟုတ်ပါဘူး။

စားသုံးသူတွေအနေနဲ့လည်း ကိုယ့်'အ'လို့ ကိုယ်ခံရတာလို့ သဘော မထားသင့်ပါဘူး။ နည်းနည်းလောက်ဖြစ်ဖြစ် စဉ်းစားဖို့ သင့်ပါတယ်။

mgyoe.com